မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၆)၊ အမှတ်(၀၅၇)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁) ကြိမ်မြောက် အက်ခ်မက်ထိပ်သီး အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဖို့ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၁) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) ထိပ်သီးအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန်နှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဖို့) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်မည်ဖြစ်သည်။

(၁၁) ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို "လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသ တည်ဆောက်ကြပါစို့" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံကဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေး၌ နေပြည်တော်ကြေညာချက်နှင့် အက်ခ်မက်ဦးစားပေး စီမံကိန်းများ ပြန်လည်သုံးသပ်ရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်တို့ကို အတည်ပြုထုတ်ပြန်သွားမည်ဖြစ်သည်။

(၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဖို့ ထိပ်သီးအစည်းအဝေးကို "စီအယ်လ်အမ်ဖို့နိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အလားအလာများကို အကျိုးရှိစွာ အသုံးချခြင်းနှင့် သာယာဝပြောသော အနာဂတ်တစ်ခု တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ဗီယက်နမ်နိုင်ငံကဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး၌ (၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဖို့ ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်၊ စီအယ်လ်အမ်ဖို့နိုင်ငံများအကြား အမွေအနှစ်ဆိုင်ရာနှင့် ခေတ်မီကုန်းတွင်းဆိပ်ကမ်းစကြိုဆိုင်ရာ အစီအစဉ်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ဘဏ္ဍာငွေများရရှိစေရေး အခွန်ငွေများ ကောက်ခံရာတွင် အခွန်နှုန်းထား (Tax Rate) တိုးမြှင့်ခြင်းထက် အခွန်ကောက်ခံမှုနယ်ပယ် (Tax Space)များ ကျယ်ပြန့်လာစေရေးကို အလေးထားဆောင်ရွက်သွားရမည်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၅ သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကို့ဏသိရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကုတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း စတုဇ္ဇအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ရုရှားရေတပ် Pacific Fleet မှ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov၊ ကော်ဗက်စစ်ရေယာဉ် Admiral Tributs နှင့် ထောက်ပံ့ရေးရေယာဉ် Pechenga တို့သည် မြန်မာနိုင်ငံသို့ စတုဇ္ဇအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ဝင်ရောက်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❑

ယနေ့ ဖတ်စရာ

တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းအချိန်ပြောင်းလဲထုတ်လွှင့်မည် — ပြည်တွင်းသတင်း — စာ ၄

စနေထောင့်မှာ အစပြုခဲ့သည် — ဆောင်းပါး — စာ ၆

အစိမ်းရောင်စီးပွားရေးမှ အစိမ်းရောင်မြို့တော်ဆီသို့ — ဆောင်းပါး — စာ ၁၀

ပထမဆုံး နိုင်ငံခြားသားအာကာသယာဉ်မှူးပါသည့် Shenzhou-24 အာကာသယာဉ် တရုတ်လွှတ်တင် — နိုင်ငံတကာသတင်း — စာ ၁၄

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှု အရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၄-၁၂-၂၀၂၆)

၂၅ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၁၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၀၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၆၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၆၀	၄၀၉၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၇၅	၄၃၀၀	၄၂၇၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၇၀	၄၂၃၅	-	၄၆၁၅	၄၂၇၅	၄၄၆၅	၄၃၆၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၆၀	၅၀၉၅	၅၀၃၅	၅၀၄၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၀၂၅	၅၀၉၅	၅၀၆၅	၅၀၃၅	၅၀၄၀	၅၂၅၀	၅၂၀၅	၅၀၉၀	၅၃၃၅
HSD (10 ppm)	၅၀၆၀	၅၀၉၅	၅၀၃၅	၅၀၄၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၀၂၅		၅၀၆၅	၅၀၃၅	၅၀၄၀	၅၂၅၀	၅၂၀၅	၅၀၉၀	၅၃၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အမျိုးသားရေးစိတ်ဓာတ်အားမာန်ဖြင့် နိုင်ငံကို မြင့်မားအောင် တည်ဆောက်

လာမည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ နှစ်ပေါင်းထောင်ချီ ကြာမြင့်စွာ ကိုယ့်မင်းကိုယ့်ချင်း နေလာခဲ့ရာမှ ကျူးကျော်နယ်ချဲ့လာသူတို့ထံ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရပြီး လက်အောက်ခံနိုင်ငံသားတို့ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် နယ်ချဲ့အစိုးရကို အနှံတုခဲ့သည့်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

နယ်ချဲ့အစိုးရသည် မြန်မာတစ်မျိုးသားလုံးက ကန့်ကွက်နေသည့်ကြားမှ ရန်ကုန်တက္ကသိုလ်အက်ဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းအပေါ် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားများက ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် တက္ကသိုလ်မရှိသေးခြင်းကြောင့် တက္ကသိုလ်တစ်ခု တည်ထောင်ရေးသည် မြန်မာလူမျိုးတို့ နှစ်ပေါင်းများစွာကပင် လိုလားတောင့်တခဲ့သည့်အရာဖြစ်သော်လည်း စွေးတွက် တွက်နေသည့် နယ်ချဲ့အစိုးရက အကြောင်းအမျိုးမျိုးပြကာ နှစ်ပေါင်းများစွာပင် နှောင့်နှေးကြန့်ကြာနေခဲ့သည်။

အိန္ဒိယနိုင်ငံ ကာလကတ္တား တက္ကသိုလ်လက်အောက်ခံအဖြစ်မှ ခွဲထွက်၍ ရန်ကုန်တွင် တက္ကသိုလ်တစ်ခု တည်ထောင်လာခဲ့သည့် အခါတွင်လည်း ရန်ကုန်တက္ကသိုလ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များစွာတို့က မြန်မာလူမျိုးတို့ တက္ကသိုလ်ပညာ သင်ယူခွင့်ကို အခက်အခဲ၊ အတားအဆီး များစွာဖြစ်စေပြီး မစ္စီမပို့မျှသာ အခွင့်အရေးပေးထားသည်ဟု မြန်မာတို့က ရှုမြင်ကြကာ ကန့်ကွက်ခဲ့ကြသည်။ သို့ရာတွင် နယ်ချဲ့အစိုးရက လျစ်လျူရှုခဲ့ပြီး ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းကြောင့် ဆန့်ကျင်အုံကြွမှု စတင်ထွက်ပေါ်လာသည်။ ရှေ့ဦးစွာ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားများ၊ ထို့နောက် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများပါ ပထမကျောင်းသား သပိတ်တွင် ပါဝင်လာခဲ့ကြပြီး တက္ကသိုလ်ကို ရာသက်ပန် သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၂၁ ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်း ရွှေကျင်ကျောင်း တိုက်ကြီးတွင် အမျိုးသားကောလိပ် ပေါ်ပေါက်လာပြီး နိုင်ငံတစ်ဝန်း တွင်လည်း အမျိုးသားကျောင်းများ ပေါ်ထွန်းခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ ပထမကျောင်းသားသပိတ်သည် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ ကျရောက်နေသည့် မြန်မာတို့အား အမျိုးသားရေးစိတ်ဓာတ် မြှင့်တင်ပေးခဲ့သလို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကိုလည်း သွတ်သွင်းပေးခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး တောင်သူလယ်သမားအရေးတော်ပုံ၊ အလုပ်သမားအရေးတော်ပုံများလည်း ဆက်လက်ပေါ်ပေါက်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုမှသည် နိုင်ငံလွတ်လပ်ရေးရရှိသည်အထိ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ဖြင့် တစ်မျိုးသားလုံးက အားထုတ်ကြိုးပမ်း တိုက်ပွဲဝင်နိုင်ခဲ့ကြသည်။

မျက်မှောက်ကာလတွင်မူ မိမိတို့အားလုံး လွတ်လပ်သော နိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများအဖြစ် မိမိနိုင်ငံ၏ ပိုင်နက်နယ်နိမိတ်နှင့် အချုပ်အခြာအာဏာ အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေး အင်အားများ တိုးတက်မြင့်မားရေးတို့အတွက် ခေတ်သမိုင်းက ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းရွက်ကြရမည်ဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင်ပိသေသလက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပြီး နိုင်ငံကို အဆင့်အတန်း မြင့်မြင့်မားမား တည်ဆောက်နိုင်ရန်အတွက် အမျိုးသားပညာရည်မြင့်မားအောင် မြှင့်တင်ကာ အဖိုးတန်လူစွမ်းအား အရင်းအမြစ်ကို တည်ဆောက်ကြရမည်လည်း ဖြစ်သည်။ ထို့အပြင် မိမိတို့သည် ခေတ်ပြိုင်ကမ္ဘာ၏ နည်းပညာခေတ်နှင့်အညီ ကိုယ်ပိုင်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍမှစနေ၍ ဥာဏ်ပညာ ခွဲလုံ့လ ဝီရိယ အားတို့ဖြင့် ကြိုးပမ်းစွမ်းဆောင်ကြရန်လည်း လိုသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က မိမိတို့၏ ဘိုးဘွားများသည် ထိုခေတ်၏ လူငယ်များအဖြစ်နှင့် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ကို စည်းလုံးညီညွတ်စွာပြသကာ နယ်ချဲ့တို့အား ဆန့်ကျင်အောင်ပွဲခဲ့ခဲ့ကြပြီး နောင်လာနောက်သားတို့အတွက် အမျိုးသားရေးစိတ်ဓာတ်အမွေပေးခဲ့ကြသည်။ မြန်မာစစ်မျိုးသားလုံးတို့အား အမျိုးသားရေးစိတ်ဓာတ် အမွေပေးခဲ့သည့် အမျိုးသားအောင်ပွဲနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးကြီးသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ မျက်မှောက် ကမ္ဘာ၏ နိုင်ငံတကာ မြင်ကွင်းကိုကြည့်လျှင် နိုင်ငံတိုင်းက မိမိနိုင်ငံ တည်တံ့ခိုင်မြဲရေးနှင့် ထိပ်တန်းသို့ ရောက်သည်ထက် ရောက်ရှိရေးတို့အတွက် ယှဉ်ပြိုင်ဆောင်ရွက်နေကြရခြင်းဖြစ်သည်ကို တွေ့ရှိနိုင်သည့်အားလျော်စွာ မိမိနိုင်ငံ အကျိုးစီးပွားအတွက် အမျိုးသားရေးစိတ်ဓာတ်အားမာန်ဖြင့် စွမ်းဆောင်ကြရပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဃနိတို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၀၊ စီမံ ၀၁-၅၄၄၃၃၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၀၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

“အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုများနှင့် ပတ်သက်၍လည်း တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန် သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်နာရန်မသင့်သည်များကို လိုက်နာဆောင်ရွက်သွားမည်မဟုတ်”

❑ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနိုနိုအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

နိုင်ငံ၏ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားရမည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာ တန်ဆောင်တိုင် ပွဲတော်အခါသမယကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲများနှင့် မသိုးလွှေကြေးဘုရားနှိုး ရက်လုပ်ပူဇော်ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပ၍ ဖြတ်သန်းခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကဲ့သို့ ပွဲတော်များ စီစဉ်ကျင်းပရခြင်းသည်လည်း နိုင်ငံအတွင်း နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်အများစုတို့၏ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း၊ အစိုးရတာဝန်ရပ်အနေဖြင့် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဦးဆောင်ဦးရွက်ပြု၍ ထိန်းသိမ်းဆောင်ရွက်သွားရန်တာဝန်ရှိသကဲ့သို့ အခြားဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကိုလည်း လေးစားရမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာတရားကို ကိုးကွယ်ယုံကြည်ကြသည်ဖြစ်စေ သက်ဆိုင်ရာ ဘာသာတရားများ၏ အဆုံးအမများအတိုင်း ထိန်းသိမ်းလိုက်နာ ကျင့်သုံးသွားကြရန်လိုကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုအပေါ် တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်

လက်ရှိနိုင်ငံ့အခြေအနေများနှင့် ပတ်သက်၍ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် စွပ်စွဲတင်သွင်းခဲ့သည့်အမှုတွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)က စီရင်ချက်ချမှတ်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စသည် မိမိတို့နိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲချက်တစ်ခုပင်ဖြစ်ပြီး အဆိုပါအမှုကိုတင်သွင်းခဲ့သည်မှ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် တရားရုံး၏လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်မှုများကို အချက်အလက်နိုင်မာစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လူမျိုးသုဉ်းဓေမှု(Genocide) ဟူသည့် အသုံးအနှုန်းအနေဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကိုများစွာထိခိုက်စေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားရုံးသို့ စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း လျှောက်လဲချက်များ တင်သွင်းရာတွင် သက်ဆိုင်ရာ အချက်အလက်များ၊ မှတ်တမ်းများနှင့် သက်သေအထောက်အထားများကို ပြည့်ပြည့်စုံစုံ တင်ပြခဲ့ကြောင်း။

မိမိအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သဖြင့် နိုင်ငံတော်တွင် ဖြစ်ပျက်နေသည့် ကိစ္စရပ်ဟူသမျှသည် မိမိ၌အဓိကတာဝန်ရှိသည်ဟု ခံယူထားပြီး နိုင်ငံတော်အား ထိပါးလာသည့်ကိစ္စရပ်မှန်သမျှကို လက်ခံမည်မဟုတ်ကြောင်း၊ **အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုများနှင့် ပတ်သက်၍လည်း တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်နာရန် မသင့်သည်များကို လိုက်နာဆောင်ရွက်သွားမည်မဟုတ်**ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ ပဋိညာဉ်အတိုင်း လေးစားလိုက်နာသွားမည်

အာဆီယံနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် လွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားထားပြီးဖြစ်ကြောင်း၊ အာဆီယံပဋိညာဉ်များနှင့် မူဝါဒများကို အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များက လက်မှတ်ရေးထိုးသဘောတူထားခြင်းဖြစ်ပြီး ယင်းပဋိညာဉ်များနှင့် မူဝါဒများအသက်ဝင်ခေနပြီး ပျက်ပြယ်မှုမရှိသရွေ့ ယင်းအပေါ်တွင် အခြေခံ၍သာ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သဖြင့်လည်း အာဆီယံ၏ ပဋိညာဉ်အတိုင်း အဖွဲ့ဝင်နိုင်ငံများအပေါ် ဆက်လက်ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာကြရန်လိုပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကိုလည်း လေးစားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် နိုင်ငံခြားငွေလဲလှယ်မှု နှုန်းထားများအနေဖြင့် နှုန်းထားတစ်ခုတွင် ရောက်ရှိလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ နိုင်ငံခြားငွေများကိုငံထားသူများ ရှိကြပြီး ၎င်းတို့၏ငွေကြေးစွဲးကစားမှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုများနှင့် လဲလှယ်နှုန်းမြင့်တက်ခြင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးများနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည့် နှုန်းထားဖြစ်ရန်လိုကြောင်း၊ ဝင်ငွေခွည်းသူများအနေဖြင့် စားရေးအဆင်ပြေစေရေး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းစဉ်ဆက်မပြတ် လည်ပတ်နိုင်စေရေး၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သူများ ဝင်ငွေတိုးပွားစေရေး၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စားဝတ်နေရေးအဆင်ပြေစေရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဦးလည်း ကုန်ထုတ်လုပ်ငန်းများ ပို့မိုတိုးတက်အောင်ဖြင်လာစေရေး စီမံကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ထက်ဝက်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သားငါးကဏ္ဍတွင်လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို ဒေသအလိုက်မှထွက်ရှိသည့် ဖွဲ၊ ဆန်ကွဲ၊ ပြောင်းစသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ပို့မိုတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြပ်မတ်ဆောင်ရွက်နေရန်လိုသကဲ့သို့ အမှန်တကယ်အလုပ်လုပ်စေရေးအတွက်လည်း ဝန်ကြီးချုပ်များက ဆက်လက်ကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စားရေးကိုအဓိက အထောက်အကူပြုစေသည့် ဥစ္စာကြောက်နှင့် အသားစားကြော်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးမွေးမြူမှုများ ယခုထက်ပိုမိုတိုးတက်အောင် လုပ်ငန်းစီမံချက်များရေးဆွဲပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ထုတ်ကုန်ရှိမှသာ ရောင်းကုန်များရရှိမည်ဖြစ်ပြီး ထို့မှတစ်ဆင့် နိုင်ငံခြားငွေများရရှိကာ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ထုတ်ကုန်များတင်ပို့ရာတွင် မြေပေါ်မြေအောက်သယ်ဇာတပစ္စည်းများကို တင်ပို့ခြင်းထက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ ထုတ်ကုန်များတင်ပို့ခြင်းသည် နိုင်ငံအတွက် ရေရှည်တွင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် မိမိအနေဖြင့် MSME လုပ်ငန်းများကို စဉ်ဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း နေထိုင်ကြသူများအနေဖြင့် အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပို့မိုတိုးတက်လာစေရေး အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကပြည်ပပို့ကုန်တွင် ပါဝင်သည့် စပါးစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်ရေးအတွက်လည်း “မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်” ဆိုသည့်အတိုင်း မိမိတို့အနေဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်များ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် အတွက်ဒေသန့်ကိုကည်ပြီး အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ဘဏ္ဍာငွေများရရှိစေရေး အခွန်ငွေများ ကောက်ခံရာတွင် အခွန်နှုန်းထား (Tax Rate) တိုးမြှင့်ခြင်းထက် အခွန်ကောက်ခံမှုနယ်ပယ် (Tax Space) များ ကျယ်ပြန့်လာစေရေးကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနယ်ပယ်ကျယ်ပြန့်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်လာမည်ဖြစ်သကဲ့သို့ ဝန်ထမ်းလစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာများ တိုးမြှင့်ပေးနိုင်ရေးအတွက်လည်း ချိန်ဆဆောင်ရွက်လျက်ရှိပြီးဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ပေးမည်ဆိုပါက MSME လုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံများနှင့် ကုန်ထုတ်လုပ်ငန်းများရှိ လုပ်သားများအတွက်နှင့် အငြိမ်းစားလစာခံစားနေသူများ အပါအဝင် ဘက်ပေါင်းစုံမှ တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်လာစေရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကော်မတီများအနေဖြင့် စနစ်တကျ တွက်ချက်ဆောင်ရွက်နေကြရန် လိုကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

လာမည့်နှစ် ဧပြီလအတွင်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် မြို့နယ်များအလိုက် မဲစာရင်းများမှန်ကန်စွာရရှိစေရေး၊ နယ်မြေလုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများကအလေးထားပြီး ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်နှင့် အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မဲစာရင်းများမှန်ကန်မှုရှိအောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ MEVM မဲပေးစက်များဖြင့် မှန်ကန်ကောင်းမွန်စွာ စနစ်တကျ မဲပေးနိုင်ရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ **လာမည့်နှစ် ဧပြီလအတွင်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရာတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် မြို့နယ်များအလိုက် မဲစာရင်းများမှန်ကန်စွာရရှိစေရေး၊ နယ်မြေလုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားပြီး ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်နှင့် အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လို၊ မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ MEVM မဲပေးစက်များဖြင့် မှန်ကန်ကောင်းမွန်စွာ စနစ်တကျ မဲပေးနိုင်ရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားကြရန်လို**

လူမှုဖူလုံရေးအဖွဲ့၏ Integrated SSB စနစ်အသုံးပြုနည်းနှင့် AI Basic Level သင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ Integrated SSB စနစ်အသုံးပြုနည်းနှင့် AI Basic Level သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်း၌ လူမှုဖူလုံရေးတွင် စတင်အသုံးပြုနေသည့် မျက်နှာဖြင့်တိုက်ဆိုင်စစ်ဆေးခြင်း Face Recognition System (FRS) စနစ်နှင့်ပတ်သက်သည့် နည်းပညာများဖြစ်သည့် AI နည်းပညာအခြေပြု Face Recognition System စနစ် ဖြစ်ပေါ်လာပုံ၊ Flutter Basic၊ Python Basic၊ AI နည်းပညာ အကြောင်း သိကောင်းစရာ၊ User Interface တည်ဆောက်ခြင်း၊ Computer Networking၊ Network Devices နှင့် Face Recognition System & Client Server Architecture သင်ခန်းစာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျိုးဝင်အာမခံအလုပ်သမားများ၏ မျက်နှာဓာတ်ပုံအား Face Recognition System (FRS) စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ခြင်းဖြင့် ဆေးကုသမှုခံယူချိန်နှင့် အကျိုးခံစားခွင့်ထုတ်ယူချိန်တွင် အာမခံစိစစ်ရေးကတ် Smart ကတ်ဖြင့်လည်းကောင်း၊ အာမခံအလုပ်သမား၏ မျက်နှာဖြင့်လည်းကောင်း အလွယ်တကူ စစ်ဆေးနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးချခြင်းဖြင့် ပြည်သူများအတွက် အရည်အသွေး ပြည့်ဝသော ဝန်ဆောင်မှုများ ပေးအပ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



❖ ***ရှေ့ဖုံးမှ***

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူပြည်သူအများ ဖူးမြော်ကြည်ညို၊ နိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် နေ့မှစ၍ ဘုရားဖူးပြည်သူ အများအပြား နေ့စဉ်လာရောက် ဖူးမြော်ကြည်ညိုကြရာ ၃၃၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့ ညတွင် ရန်ကုန်တိုင်းဒေသကြီး တွင်းမြို့မှ လာရောက်ဖူးမြော်သည့် ဇနီးမောင်နှံသည် ဦးရေ ၅ သန်းပြည့်မြောက်သည့်ကံထူးရှင် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဦးဆောင်ဘုရား ဒါယကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပက အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၅ သန်းမြောက် ဘုရားဖူးလာပြည်သူ ဇနီးမောင်နှံအား ဥဏှာတော် ၉ လက်မ အမြင့်ရှိသော စကျင်ကျောက်သားဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်းသွင်း ပုံတော်တစ်ပုံ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးနှင့် သာသနိကအဆောက်အဦ များဆိုင်ရာ သမိုင်းကြောင်းပါဝင် သည့် မြန်မာ၊ အင်္ဂလိပ်ဘာသာ စာအုပ် နှစ်အုပ်တို့ကို အမှတ်တရ မွေလက်ဆောင်အဖြစ် ဂုဏ်ပြု လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) ထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှ နိုဝင်ဘာလ (၃၀)ရက်နေ့ထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှစတင်၍ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင် ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ အရှေ့ပိုးကရင်ဘာသာအစီအစဉ်များကို ည(၂၃:၀၀)နာရီထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခုအခါ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ နေ့စဉ်နံနက်(၆:၀၀) နာရီမှ(၇:၀၀)နာရီထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက်(၇:၀၀)နာရီမှ (၉:၀၀)နာရီထိ မွန်ဘာသာအစီအစဉ်၊ နံနက်(၉:၀၀)နာရီမှ နံနက်(၁၁:၀၀) နာရီထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက်(၁၁:၀၀)နာရီမှ မွန်းလွဲ(၁၃:၀၀)နာရီထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ(၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ "ဝ"ဘာသာ အစီအစဉ်၊ မွန်းလွဲ(၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ ကချင်ဘာသာအစီအစဉ်၊ ညနေ(၁၇:၀၀)နာရီမှ ည(၁၉:၀၀)နာရီထိ ကယား ဘာသာအစီအစဉ်၊ ည(၁၉:၀၀)နာရီမှ (၂၀:၀၀)နာရီထိ စကောကရင် ဘာသာအစီအစဉ်၊ ည(၂၀:၀၀)နာရီမှ (၂၁:၀၀)နာရီထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ ည(၂၁:၀၀)နာရီမှ (၂၂:၀၀)နာရီထိ အရှေ့ပိုးကရင် ဘာသာအစီအစဉ်၊ ည(၂၂:၀၀) နာရီ မှ (၂၃:၀၀) နာရီထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်တို့ကို အချိန်ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်သည်။

(၁.၁၂.၂၀၂၆) မှ (၃၁.၃.၂၀၂၇)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

စဉ်	ဘာသာ	ထုတ်လွှင့်ချိန်
၁။	ချင်း(ချိုး)	၀၆:၀၀ - ၇:၀၀ နာရီ
၂။	မွန်	၇:၀၀ - ၉:၀၀ နာရီ
၃။	ရခိုင်	၉:၀၀ - ၁၁:၀၀ နာရီ
၄။	ရှမ်း	၁၁:၀၀ - ၁၃:၀၀ နာရီ
၅။	"ဝ"	၁၃:၀၀ - ၁၅:၀၀ နာရီ
၆။	ကချင်	၁၅:၁၀ -၁၇:၀၀ နာရီ
၇။	ကယား	၁၇:၀၀ - ၁၉:၀၀ နာရီ
၈။	စကောကရင်	၁၉:၀၀ - ၂၀:၀၀ နာရီ
၉။	အနောက်ပိုးကရင်	၂၀:၀၀ - ၂၁:၀၀ နာရီ
၁၀။	အရှေ့ပိုးကရင်	၂၁:၀၀ - ၂၂:၀၀ နာရီ
၁၁။	ချင်း(လိုင်ဇိုး)	၂၂:၀၀ - ၂၃:၀၀ နာရီ

❖ တိုင်းရင်းသားအစီအစဉ် (၁၁)ဘာသာအား နေ့စဉ် နံနက်(၆:၀၀) နာရီ မှ ည (၂၃:၀၀)နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့် လျက်ရှိပါသည်။

❖ (၄) လတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲထုတ်လွှင့် လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၃၇)ကြိမ်မြောက် ဖြစ်ပါသည်။

ကလေး-ဖလမ်းလမ်းပိုင်းတစ်လျှောက် မိုင်တိုင် ၇၃-၇၄ အကြား လမ်းဘေးဝဲယာရှိ ချုံနွယ်များအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်း



ဖလမ်း နိုဝင်ဘာ ၂၅

ဖလမ်းခရိုင် လမ်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကလေး-ဖလမ်းလမ်းပိုင်း တစ်လျှောက် မိုင်တိုင် ၇၃-၇၄ အကြား လမ်းဘေးဝဲယာရှိ ချုံနွယ်များအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှု စစ်ဆေးပြီး လမ်းအူကြောင်း ပေါ်လွင်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တို အိတ်ချိန်းရုံးသို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေး MPT နှင့် CDMA-MEC တယ်လီဖုန်းဆက်သွယ်ရေး စက်များဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးနေသည့် အခြေ အနေများ၊ စက်များထိန်းသိမ်း ထားရှိမှုများနှင့် ရုံးအဆောက်အဆို နှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု အခြေအနေနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံအဆောက် အဆို နှင့် ဂိုထောင်ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှု အခြေအနေ များ ကြည့်ရှုစစ်ဆေးပြီး ထပ်ဆင့် လွှင့်စက်ပစ္စည်းများ ရရှိပါက စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြား သည်။

ထို့နောက် ထပ်ဆင့်လွှင့်စက်ရုံ ဝန်ထမ်းအိမ်ရာနှစ်လုံး ပြုပြင် ပြီးစီးမှုအခြေအနေနှင့် ဂါလန် တစ်သိန်းဆံ့ ရေလှောင်ကန်တွင် ရေသိုလှောင်ထားရှိမှုနှင့် ရပ်ကွက် အတွင်း ရေဖြန့်ဝေပေးမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် တစ်စိတ် တစ်ပိုင်း ပျက်စီးသွားသည့် ခရိုင် အုပ်ချုပ်ရေးမှူးနေအိမ် ပြန်လည် ပြုပြင်နေမှုများ သွားရောက် ကြည့်ရှုစစ်ဆေးပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည့် အဆောက်အအုံဖြစ်သည့်အတွက် မူလလက်ရာမပျက် ပြုပြင် ထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လွိုင်လင်လေးမြို့ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ကျောင်းပရဝဏ်အတွင်း မြေမြှုပ်မိုင်းနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

လွိုင်ကော် နိုဝင်ဘာ ၂၅

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ကယားပြည်နယ် လွိုင်လင်လေးမြို့ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောင်းပရဝဏ်အတွင်း မြေမြှုပ်မိုင်းနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။



ကျောင်းပရဝဏ်အတွင်း မြေမြှုပ်မိုင်းနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ချုံနွယ်များအား ထွန်စက်များဖြင့် ရှင်းလင်းပြီးစီးမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တာဝန်ရှိသူများက ကျောင်းဆောင်များ ပြင်ဆင်ရန်လိုအပ်သည့်အခြေအနေနှင့် ဆရာဆရာမများ တာဝန်ထမ်းဆောင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ထိခိုက်ပျက်စီးခဲ့ရသည့် ကျောင်းဆောင်များ အမြန်ပြန်လည်ပြင်ဆင်နိုင်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်ရန်နှင့် ကျောင်းပရဝဏ်အတွင်း ဆောင်ရွက်ရန် ကျန်ရှိသည့်နေရာများ၌ ရပ်ရွာလူထု၏စုပေါင်းအားဖြင့် ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းများကို ပိုင်းဝန်း ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်လင်လေးဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ စေတနာရှင်၊ အလှူရှင်ပြည်သူများသည် လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် (၅၅) ကြိမ်မြောက် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌ ဆရာတော် သံဃာတော်များကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူကြသည်။

စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲအပြီးတွင် ကန္ဒဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်ဈေး၊ မီးပုံးပျံပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို တက်ရောက်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မီးပုံးပျံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဒေါ်ဥခူရပ်ကွက်မှ ဇူဝံမီးအသင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယဆုရရှိသည့် နမ့်ဘော်ဝမ်(ခ)ရပ်ကွက်မှ ဆောင်းမင်းမီးအသင်း၊ ပြည်နယ်တရားသူကြီးချုပ်က တတိယဆုရရှိသည့် မင်္ဂလာရပ်ကွက်မှ တိမ်တိုက်မီးအသင်းတို့ကို ဆုများပေးအပ်ကြသည်။

ပြည်နယ်(ပြန်/ဆက်)

‘ရုရှား-အရှေ့’ အပြည်ပြည်ဆိုင်ရာ အမျိုးသားယဉ်ကျေးမှုပွဲတော်သို့ ဒုတိယဝန်ကြီး ဦးအေးထွန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့၌ နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည့် (၅)ကြိမ်မြောက် ‘ရုရှား-အရှေ့’ အပြည်ပြည်ဆိုင်ရာ အမျိုးသားယဉ်ကျေးမှုပွဲတော်သို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲတော်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အစိုးရ၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် ရာရှစ် ဗာဂါပေါ့ဗ် အထိမ်းအမှတ် တာတာယဉ်ကျေးမှု အများပြည်သူဖောင်ဒေးရှင်းက ဦးဆောင်၍ အရှေ့တိုင်းယဉ်ကျေးမှုများအကြား တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် နိုင်ငံတကာ ဆက်သွယ်မှုများကို ပိုမိုခိုင်မာလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အာရှ၊ အရှေ့ဥရောပ၊ အာဖရိကနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံအတွင်းရှိ ပြည်နယ်များအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော် တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၁ ရက်တွင် ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့ရှိ ပိရမစ် ယဉ်ကျေးမှုနှင့် ဖျော်ဖြေရေးစင်တာ (KRK Piramida)၌ ကျင်းပသည့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့မှ အနုပညာရှင်များက ပုဂံခေတ်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ တက်ရောက်လာသော ဧည့်သည်တော်များက နှစ်သက်စွာအားပေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၂၂ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ဒုတိယဝန်ကြီး မစ္စ ဒီနာ ဂါရာယေဗာနှင့် တွေ့ဆုံ၍ မြန်မာ-ရုရှားနှစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားပြတိုက်တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ကိစ္စ၊ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် (၆)ကြိမ်မြောက် ‘ရုရှား-အရှေ့’ အပြည်ပြည်ဆိုင်ရာ အမျိုးသားယဉ်ကျေးမှုပွဲတော်သို့ မြန်မာနိုင်ငံအား တရားဝင် ထပ်မံဖိတ်ကြားသွားမည့်ကိစ္စနှင့် ၂၀၂၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ကာဇန်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံမှ ရုပ်ရှင်တစ်ကား ပါဝင်ပြသနိုင်ရေး ဖိတ်ကြားလိုသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



❍ *ရှေ့ဖုံးမှ*

အဆိုပါ ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော စစ်ရေယာဉ်စုမှူး ဗိုလ်ချုပ် Evgenii Nikolaevich Niasoedov နှင့် အရာရှိ၊ စစ်သည်များသည် ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရ နေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)များ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေသြဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၁၃၀.၈) သန်းခန့်ကို Market Trading Rate (ကျပ် ၃၆၆၀)ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူး၍ FX Market Online Trading Platform တွင် နိုင်ငံတော် ၏ အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေသြဇာနှင့် အခြားကုန်စည်များ အတွက် လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များမှတစ်ဆင့် သွင်းကုန်တင်သွင်းသူ(Importer)များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ FX Market Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ (၂၁၆၉.၈) သန်း၊ တရုတ်ယွမ်(၁၈၉၂.၄) သန်း၊ ထိုင်းဘတ် (၆၅၇၆.၂) သန်း၊ အိန္ဒိယရူပီး (၇၄.၅) သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၂၅၅.၄) သန်း၊ တရုတ်ယွမ် (၈၉.၉) သန်း၊ ထိုင်းဘတ် (၇၆၂.၆) သန်း၊ အိန္ဒိယရူပီး (၁၃.၃) သန်းခန့်တို့အား ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း ၂၀၂၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေသြဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၁၇၀၂.၄) သန်းခန့်အား ရောင်းချပေးခဲ့ပြီး နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၁၃၀.၈) သန်းခန့်ကို Market Trading Rate (ကျပ် ၃၆၆၀) ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

စနေထောင့်မှာ အစပြုခဲ့သည်

သိဒ်သူ

"နေရောင်အောက်တွင် လှပစွာ တဖျပ်ဖျပ် လင်းလက်တောက်ပနေသည့် အံ့ဩဖွယ်အရာ (A beautiful winking wonder that blazed in the sun) " ဟု နိဘယ်ဆုရ ဖြိတိသျှစာရေးဆရာကြီး ရှဒ်ယတ် ကစ်ပလင်က တင်စားရေးဖွဲ့ခဲ့သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် သိဂုံတွာရ ကုန်းတော်ပေါ်၌ စံပယ်လျက် ရန်ကုန်မြို့၏ အထက်မိုးကောင်းကင်ယံနောက်ခံတွင် ခမ်းနားတင့်တယ်စွာ ဖူးမြင်နေရသည်။

လူသားတို့၏ စိတ်နှလုံးကို သိမ်မွေ့စွာ ဖမ်းစား နိုင်စွမ်းရှိပြီး ရာစုနှစ်များစွာ မပြောင်းမလဲ တွေ့မြင်နေကြရသည့် အံ့ဩဖွယ်ရာ ထိုမြင်ကွင်းသည် မြန်မာနိုင်ငံနှင့် မြန်မာ့ရေဒေတို့၏ အထင်အရှား ပြယုဂ်လည်းဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံသမိုင်းတွင် အထင်အရှား မှတ်တမ်းဝင်သည့် ဖြစ်စဉ်ပေါင်းများစွာတို့နှင့်လည်း ဆက်နွယ်နေသည်။ ရန်ကုန်မြို့ကြီး၏ သမိုင်းသည်ပင် ရွှေတိဂုံစေတီတော်ကြီး၏သမိုင်းနှင့် ခွဲခြားချ၍မရအောင် ဆက်စပ်နေပြီး စေတီတော်၏ ပစ္စယ်များ၊ ရင်ပြင်တော်၊ တန်ဆောင်းများနှင့် စောင်းတန်းများ၊ စေတီတော်တည်ရှိရာ ကုန်းတော်နှင့် ပရိဂုဏ်တို့ပါမကျန် နေရာများစွာတို့တွင် သမိုင်း၏ ဖြစ်ရပ်များစွာတို့ ဖြစ်ပွားခဲ့သည်။

ယင်းအနက် ရင်ပြင်တော်၏ အနောက်တောင်ဘက် စနေထောင့် ညောင်ပင်ကြီးအနီးတွင် စိုက်ထူထားသည့် ကျောက်စာတိုင်တစ်ခုက တစ်နိုင်ငံလုံး နယ်ချဲ့တို့၏ ကျွန်ုပ်သဘောက်ဘဝတွင် ပထမဆုံး အကြိမ် တစ်မျိုးသားလုံးပါဝင်သည့် အမျိုးသားရေး လှုပ်ရှားမှုကြီး စတင်ပေါ်ပေါက်ခဲ့သည့် သမိုင်းတစ်စ ကို ပြောပြနေသည်။

၁၉၂၀ ပြည့်နှစ်တွင် ဖြိတိသျှအစိုးရက ပြဋ္ဌာန်း လိုက်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို မကျေနပ်သဖြင့် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင် ကောလိပ်မှ ကျောင်းသားခေါင်းဆောင် ၁၁ ဦးတို့က ၎င်းနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရွှေတိဂုံစေတီ တော်ရင်ပြင် စနေထောင့်ရှိ အဆိုပါနေရာတွင် စုဝေး ကာ တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုခဲ့ခြင်းဖြစ်သည်။ တိုက်ဆိုင်လှစွာပင် ထိုနေ့သည် သီဝေါမင်းပါတော်မူသည့် ၃၅ နှစ် မြောက်နေ့ (တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) လည်းဖြစ်သည်။ ထိုသစ္စာပြုပွဲမှ စတင်ခဲ့သော ပထမကျောင်းသားသပိတ်ကြီးသည် ၁၉၂၀ ပြည့် နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ (၁၈၅ ခုနှစ်၊ တန်ဆောင် မုန်း လပြည့်ကျော် ၁၀ ရက်) တွင် ပေါ်ထွက်လာခြင်း ကို အကြောင်းပြု၍ မြန်မာနိုင်ငံတွင် အမျိုးသားနေ့ (အမျိုးသားအောင်ပွဲနေ့) ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်သည်။

ကျောက်စာတွင် ကမ္ဘည်းတင်ထားသည့် ဦးဆောင်ကျောင်းသားကြီး ၁၁ ဦးတို့၏ အမည် များမှာ (၁) ဘခင်၊ (၂) ဘိုးကွန်း၊ (၃) ဘဦး၊ (၄) အောင်ဒင်၊ (၅) ထွန်းဝင်း၊ (၆) ဖေသိန်း၊ (၇) ဘရှင်(သံတွဲ)၊ (၈) ဘရှင်(ထားဝယ်)၊ (၉) ကေညိပိတ်၊ (၁၀) လှတင်၊ (၁၁) မောင်ဇ ဟူ၍ဖြစ်သည်။ ပထမ ကျောင်းသားသပိတ်ကြီး၏ အနှစ်သာရမှာ ရန်ကုန် တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ခြင်း ဟုဆိုရမည်ထက် နယ်ချဲ့အစိုးရလက်အောက်တွင် မြန်မာတစ်မျိုးသားလုံး ပထမဆုံးအကြိမ်အဖြစ် စုစည်းမိခဲ့ကြခြင်းနှင့် နယ်ချဲ့ကို တစည်းတလုံး တည်း ဆန့်ကျင်ခဲ့ကြခြင်းက အဓိကဖြစ်သည်။

တတိယ အင်္ဂလိပ်- မြန်မာစစ်ပွဲအပြီး မြန်မာ တစ်နိုင်ငံလုံး နယ်ချဲ့လက်အောက်သို့ ကျရောက် သွားခဲ့ပြီးချိန်တွင် ခုခံတွန်းလှန်ရေးစစ်ပွဲများ ဒေသ အနှံ့အပြားတို့၌ နောက်ထပ် ၁၅ နှစ်ခန့်ကြာအောင် ဆက်လက်ဖြစ်ပေါ်နေခဲ့ရာမှ ၁၉၀၀ ပြည့်နှစ်လွန် ကာလများတွင် ငြိမ်သက်သွားခဲ့သည်။ သို့ရာတွင် လုံးဝလက်မြှောက် အနှံးပေး ဝပ်လျှိုးသွားခြင်းမျိုး မဟုတ်ဘဲ အမျိုး၊ ဘာသာ၊ သာသနာဟူသော ခေါင်းစဉ်ဖြင့် အမျိုးသားရေးစိတ်ဓာတ်က မြန်မာ တို့၏ နှလုံးသားတွင် ကိန်းဝပ်နေခြင်းမျိုးဖြစ်သည် ကို ခရစ်နှစ် ၁၉၀၀ ပြည့်မှ ၁၉၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၂၀ ကာလ၏ သမိုင်းဖြစ်ရပ်များကို ပြန်လည်လေ့လာလျှင် တွေ့ရှိနိုင်သည်။

၁၉ ရာစု နှောင်းပိုင်းတွင် ဥရောပအရင်းရှင် စနစ်သည် အထွတ်အထိပ်သို့ ရောက်ရှိလာကာ ရောင်းကုန်များကို တင်ပို့၍ လွတ်လပ်စွာ ပြိုင်ဆိုင် ရောင်းဝယ်သော စနစ်ဟောင်းမှ အရင်းအနှီးကို နိုင်ငံရပ်ခြားသို့ တင်ပို့ရင်းနှီးမြှုပ်နှံပြီး အစွမ်းကုန် သွေးစုပ်ခြယ်လှယ်သည့် စနစ်သစ်ဆီသို့ ကူးပြောင်း လာသည်။ ၁၉ ရာစု အစောပိုင်းနှင့် အလယ်ပိုင်း တွင် ကျူးကျော်စစ် နှစ်ကြိမ် ဆင်နွှဲခဲ့ပြီး တိုင်းပြည် တစ်ဝက် သိမ်းခံထားရသည့် အားနည်းချည့်နဲ့နေ သော မြန်မာနိုင်ငံအထက်ပိုင်းသည် နယ်ချဲ့တို့ ပြုသမျှနုရမည့် အခြေအနေတွင် ရှိနေခဲ့ရာမှ တတိယမြောက် ကျူးကျော်စစ်ဆင်နွှဲခံပြီး ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နယ်ချဲ့ဗြိတိသျှ တို့က မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းကို ထီးနန်းချကာ အိန္ဒိယပြည် ရတနာဂီရိသို့ ပို့ဆောင် လိုက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ပဒေသရာဇ်စနစ် ချုပ်ငြိမ်းသွားခဲ့သည်။ မြန်မာဘုရင်လက်ထက်က လွတ်တော်သည် ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ် ရေးစနစ် ရောက်မလာသေးမီ ယာယီအားဖြင့် သုံးလ ခန့် ဆက်လက်တည်ရှိနေခဲ့ပြီးနောက် အပြီးတိုင် ဖျက်သိမ်းခံလိုက်ရသည်။

မြန်မာလွတ်တော်ကို ဖျက်သိမ်းလိုက်ပြီဖြစ် ကြောင်း သတင်းစကားများ အရပ်ရပ်သို့ ပျံ့နှံ့ ရောက်ရှိသွားသည့်အခါ မင်းဆွေမင်းမျိုး မှူးမတ် အဆက်အနွယ်များ၊ မြန်မာဘုရင့်တပ်မတော်မှ အဝေးရောက်ကျန်ရှိနေသည့် အစိတ်အပိုင်းများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် မျိုးချစ်ပြည်သူ များသည် နယ်ချဲ့လာသူ ဗြိတိသျှတို့အား လက်နက် စွဲကိုင်ခုခံတိုက်ခိုက်ခဲ့ကြသည်။ ပထမပိုင်းတွင် ငါးနှစ်ကြာမျှ ရင်ဆိုင်တိုက်ပွဲများနှင့် ပြောက်ကျား တိုက်ပွဲများ ဆင်နွှဲခဲ့ကြပြီး နောက်ထပ် ၁၀ နှစ်ခန့် ကြာအောင် ပြောက်ကျားစစ်များဖြင့် ရေရှည်စစ် တိုက်ခိုက်ခဲ့ကြရာ အင်္ဂလိပ်- မြန်မာ ပထမစစ် (၁၈၂၄)နှင့် ဒုတိယစစ် (၁၈၅၂)တို့ထက် စစ်ဖြစ် ကာလ ရှည်ကြာခဲ့သည်။ အမျိုးသားခုခံရေးစစ်ပွဲ များ အရေးနှိမ်ခံသွားခဲ့ရပြီးသည့်နောက်တွင် မြန်မာ နိုင်ငံသည် မြေလှည်းပဒေသရာဇ်စနစ်ကြီးစိုးသော ဘုရင့်နိုင်ငံအဖြစ်မှ နိုင်ငံခြားနယ်ချဲ့အရင်းရှင်စနစ် လက်အောက်ခံ ကိုလိုနီနိုင်ငံဘဝသို့ လုံးလုံးကြီး ကျရောက်သွားခဲ့ရသည်။

စနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲရာတွင် အခြေခံအဆောက်အအုံဖြစ်သော စီးပွားရေး အပြောင်းအလဲနှင့်အတူ အပေါ်ထပ်အဆောက် အအုံများဖြစ်သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး စသည်တို့ပါ လိုက်ပါပြောင်းလဲခဲ့ခြင်းဖြစ်ရာ ၁၉၀၀ ပြည့်နှစ်လွန်ကာလသို့ ရောက်သည့်အခါ စနစ် ဟောင်းမှာ လုံးဝပြိုကျယုတ်စီးသွားခဲ့ရပြီဖြစ်သည်။ နှစ်ပေါင်းထောင်ချီကြာညောင်းခဲ့သည့် ပဒေသရာဇ် ခေတ်က ရှင်ဘုရင်မင်းရိုးများ၊ မှူးရိုးမတ်ရိုးများ၊ ကဲများ၊ မှူးများ၊ ကြီးများ၊ ဆော်များ၊ ခေါင်းများ၊ တိုင်၊ အကိုင်နှင့် အစီရင်များ စသည့် ပဒေသရာဇ် အုပ်ချုပ်ရေးယန္တရားကြီးတွင် ရိုးရာအလိုက် အုပ်ချုပ်ခဲ့ကြသည့် လူတန်းစားများသည် လူတန်း စားတစ်ရပ်အဖြစ်မှ ရပ်ဆိုင်းသွားခဲ့ပြီး ဗြိတိသျှ အရင်းရှင်နှင့် အရင်းရှင်လူတန်းစားတို့ ကိုယ်စား အုပ်ချုပ်သော ဗျူရိုကရက်များ၊ တိုင်းရင်းသား အလိုတော်ရိများ အုပ်ချုပ်သောလူတန်းစားတို့ ပေါ်ထွန်းလာခဲ့သည်။

ပညာရေးတွင်လည်း ရေးရိုးစဉ်လာ ဘုန်းတော် ကြီးသင်ပညာရေးမှ ကိုလိုနီအုပ်ချုပ်ရေးယန္တရား အထောက်အကူပြုခေတ်ပညာရေးစနစ်သို့ ကူး ပြောင်းသွားခဲ့ပြီး တိုင်းရင်းဘာသာသင်ကျောင်းများ၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်းများ၊ အင်္ဂလိပ်ကျောင်းများဟူ၍ ပေါ်ပေါက်လာသည်။ မြန်မာဘုရင်လက်ထက် မြန်မာ့ပညာရေးစနစ်၏ မဏ္ဍိုင်ဖြစ်သော ဘုန်းတော်ကြီးကျောင်းပညာရေး သည် အစိုးရ၏ အထောက်အပံ့နည်းပါးလာခြင်းနှင့် အစိုးရအလုပ်အကိုင် မရရှိနိုင်ခြင်းတို့ကြောင့် အရေး ပါမှု လျော့နည်းလာသည်။ ဘုန်းတော်ကြီးသင် ကျောင်းပညာရေးစနစ် မှေးမှိန်သွားခြင်း၏ အကျိုး ဆက်အဖြစ် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စာတတ် မြောက်မှုနှုန်းမှာလည်း များစွာလျော့ကျသွားခဲ့ သည်။

မြန်မာတို့၏ အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရ ပြီးနောက် မြန်မာလူထုအတွင်း ကျန်ရစ်ခဲ့သည်မှာ အမျိုးသားရေးစိတ်ဓာတ်သာဖြစ်သည်။ ထိုစိတ်ဓာတ် သည် အခွင့်မသာသေးသည့်အခိုက်တွင် ငုပ်လျှိုး၍ နေပြီး အရေးကြုံလျှင် ကြံသလို ထွက်ပေါ်လာလေ့ ရှိသည်။ သီဟိုဠ်မှ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) ကို နမူနာယူကာ ၁၉၀၆ ခုနှစ်တွင် မြန်မာလူငယ်များတည်ထောင်ခဲ့သည့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ပေါ်ထွန်းလာပြီး အမျိုးသားရေးစိတ်ဓာတ်မီးခြားစေရန်နှင့် ဗုဒ္ဓ ဘာသာစာသင်ကျောင်းများ တည်ထောင်ရန် ဦးဆောင်ခဲ့သည်။ ဖြိတိသျှအစိုးရ ပညာမင်းကြီး မစ္စတာ မက်သယူးဟန်တား(Mr. Mathew Hunter) ဦးစီးသော အဖွဲ့ဝင် ၃၀ ပါသည့် ယူနီဗာစီတီ အက်ဥပဒေရေးဆွဲရေးကော်မတီကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့ရာ မြန်မာလူမျိုးအဖွဲ့ဝင်များ အဖြစ် ဝိုင်အမ်ဘီအေမှ ဝတ်လုံတော်ရဲ့ဦးမေအောင်၊ ဦးမောင်ကြီး(အမ်အေ)၊ ဦးဘဖေ (ဘီအေ)၊ ဦးကွမ်း (ဘီအေ)၊ ပုသိမ်ဦးဘလှိုင် (ဘီအေ)နှင့် ဦးအမ်အုံး ခိုင်တို့ ပါရှိခဲ့သည်။

ဝိုင်အမ်ဘီအေ ကိုယ်စားလှယ်များက ဝိဇ္ဇာသိပ္ပံ ပညာရပ်များသင်ကြားသည့် ကောလိပ်များကို ဆက်သွယ်နိုင်မည့် တက္ကသိုလ်တစ်ခု ထူထောင်ရန် ထောက်ခံခဲ့ကြသည်။ သို့ရာတွင် မစ္စတာ မက်သယူး ဟန်တား၊ဦးဆောင်သော ကော်မတီဝင်အများစုက ကောလိပ်တစ်ခုသာ ပါဝင်သည့် သိပ္ပံယူနီဗာစီတီကို ထူထောင်ရန် ဥပဒေရေးဆွဲခဲ့သည်။ ၁၉၂၀ပြည့်နှစ် ဇွန်လတွင် ဥပဒေမူကြမ်း ထွက်ပေါ်လာသည့်အခါ မြန်မာပြည်သူတစ်ရပ်လုံးက ဆန့်ကျင်ကန့်ကွက် ခဲ့ကြသော်လည်း မြန်မာပြည်ဥပဒေပြုကောင်စီ၏ သဘောတူညီချက်အရ အိန္ဒိယဘုရင်ခံချုပ်က အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဥပဒေကို အတည် ပြုခဲ့သည်။ မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ထူထောင်ခြင်းမှာ မြန်မာတို့ နှစ်ပေါင်းများစွာ တောင်းဆိုခဲ့သည့် လိုလားချက် အကောင်အထည် ပေါ်လာခြင်းဖြစ်သော်လည်း တက္ကသိုလ်အက်ဥပဒေ ပါ ပြဋ္ဌာန်းချက်အချို့က မြန်မာအများစုကို တက္ကသိုလ်ပညာနှင့် အလှမ်းဝေးနေစေသည်ဖြစ်ရာ ပြင်ဆင်ပေးရန် တောင်းဆိုချက်များ ပေါ်ပေါက် လာသည်။

အက်ဥပဒေပါ မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခု တည်းသာ ရှိရမည်။ တက္ကသိုလ်လက်အောက်တွင် ကောလိပ်ကျောင်းတစ်ကျောင်းတည်းသာ ရှိရမည်။ ထိုကောလိပ်သည် ရန်ကုန်တွင်ရှိရမည်။ ကောလိပ် ကျောင်းသားများသည် ကျောင်းအိပ်ကျောင်းစား များအဖြစ် နေရမည်။ တက္ကသိုလ်ဝင်စာမေးပွဲကို မထားဘဲ အစိုးရကပြုလုပ်သော ဆယ်တန်းစာမေး ပွဲကို အောင်မြင်ရမည်။ ဆယ်တန်းစာမေးပွဲတွင် အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုတွင် ထူးချွန်စွာအောင်မြင်မှသာ တက္ကသိုလ်ဝင်ခွင့်ရမည်။ တက္ကသိုလ်ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာ ရပ်များကို မသင်ရသေးဘဲ ပညာရပ်များကို ကောင်စွာလိုက်နိုင်ရန် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေရမည်။ ပြင်ဆင်မှုအတန်းတွင် တစ်နှစ် နေပြီး၍ တက္ကသိုလ်ပညာကို လိုက်နိုင်ရန် အရည် အချင်းမမီသေးလျှင် တက္ကသိုလ်ပညာကို ဆက်လက် သင်ယူခွင့်မရ။ ရေးဖြေစာမေးပွဲအပြင် နှုတ်ဖြေ စာမေးပွဲများလည်း ပြုလုပ်မည်။ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့ စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများသာ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံစာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့် ရှိသည်။

ဂုဏ်ထူးတန်းစာမေးပွဲကို ဥပစာတန်း အောင်မြင်ပြီး သုံးနှစ်ကြာမှ ဝင်ရမည်။ ဂုဏ်ထူးတန်း ကို တစ်ကြိမ်ဝင်ရောက်ဖြေဆို၍ မအောင်မြင်လျှင် နောက်ထပ် ဖြေဆိုခွင့်မရှိ စသည့် ကန့်သတ်ချက် များက မြန်မာတိုင်းရင်းသားအများစုတို့ တက္ကသိုလ် ပညာ သင်ယူခွင့်မရရှိရန် ချုပ်ချယ်ထားမှုများ ဖြစ်သည်ဟု

စာမျက်နှာ ၇ သို့

"ရွှေတိဂုံဘုရား စနေထောင့်နှင့် ဘုရားကြီး၏ခြေတော်ရင်း ပဟန်းဦးအရိယ ကျောင်းဝင်းအတွင်းရှိ ကျောက်စာတိုင်များက အမျိုးသားရေးစိတ်ဓာတ်၏ သမိုင်းမှတ် တိုင်များကို အထင်အရှားပြသနေသည်။ အမျိုးသားရေးစိတ်ဓာတ်သည် တစ်သွေး တည်း တစ်သားတည်း စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေပြီး ထိုစိတ်ဓာတ်ဖြင့် နိုင်ငံနှင့် လူမျိုးအတွက် လွတ်လပ်ရေးကို ရယူခဲ့ကြသလို ထိုစိတ်ဓာတ်ဖြင့်ပင် အချုပ်အခြာ အာဏာကို ကာကွယ်စောင့်ရှောက်ပြီး ထိုစိတ်ဓာတ်ဖြင့်ပင် နိုင်ငံနှင့်လူမျိုးတို့ တိုးတက် ကြီးပွားရန် ကြိုးပမ်းအားထုတ်တည်ဆောက်သွားကြရမည်ဟု သန္နိဋ္ဌာန်ပြုကြရန် ကျောက်စာတိုင်လေးများက နှိုးဆော်တိုက်တွန်း သွန်သင်နေကြသည့်သဖွယ်ပင်ဖြစ်"

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁ / ၂၀၂၆) ပထမနေ့ကျင်းပ

ဟားခါး နိုဝင်ဘာ ၂၅

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁ / ၂၀၂၆) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က လွှတ်တော်သို့ရှင်းလင်းတင်သွင်းသည်။

ယင်းနောက် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး ရန်အောင်ဖြိုးနှင့် ဒေသန္တရစီမံကိန်း၊ အရအသုံး ငွေစာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ဟားခါးမြို့နယ် အမှတ်(၂) မဲဆန္ဒနယ်ကိုယ်စားလှယ် ဦးဆန်းအုပ်မန်းတို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေး နှစ် ချင်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းနှင့်ပတ်သက်၍ တွေ့ရှိချက် အစီရင်ခံစာအား လွှတ်တော်သို့တင်သွင်း၍ အတည်ပြုသင့်ကြောင်း ထောက်ခံတင်ပြကြသည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသူရှိပါက ပြည်နယ်လွှတ်တော်အကြီးအမှူးထံသို့ ယနေ့ မွန်းလွဲ ၃ နာရီ နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ပထမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁ / ၂၀၂၆) ဒုတိယနေ့ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

မဟာအောင်မြေမြို့နယ်၌ ပုံမှန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်စေရန် ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်

မဟာအောင်မြေ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း ပုံမှန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်စေရန် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်များသို့ ကွင်းဆင်း၍ ရေလှောင်ကန်များကို ကလိုရင်းဆေးခတ်ပေးခြင်းများ၊ ရေသန့်ဆေးပြားခတ်ပေးခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကျန်းမာရေးနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကလိုရင်းဆေးခတ်ပေးခြင်းများ၊ ရေသန့်ဆေးပြားခတ်ပေးခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်းများကို မဟာအောင်မြေမြို့နယ်၌စုဖွဲ့၍ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လွိုင်ကော်မြို့သို့ ထိုင်းနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်

လွိုင်ကော် နိုဝင်ဘာ ၂၅

ကယားပြည်နယ် လွိုင်ကော်မြို့၌ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ရာ ထိုင်းနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ကိုးဦးတို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဝင်ရောက်ပြီး ယမန်နေ့ ညနေက လွိုင်ကော်မြို့သို့ရောက်ရှိခဲ့သည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ထင်ရှားသောနေရာများဖြစ်သည့် သီရိမင်္ဂလာတောင်ကွဲစေတီတော်၊ သီရိမင်္ဂလာပုံကျောင်း (မင်္ဂလာဟော်ကြီး ပရိယတ္တိစာသင်တိုက်)၊ ယဉ်ကျေးမှုပြတိုက်၊ နောင်ယားကန်သာနှင့် လွယ်တမူလိုဏ်ဂူတော်များသို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



မိဘပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) တစ်ခုထက်ပိုမိုကိုင်ဆောင်ထားပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ပြန်လည်အပ်နှံရန် မိဘပြည်သူများသိရှိဆောင်ရွက်နိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် မကြာခဏ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား e-ID Server တွင် စာရင်းသွင်းပြီးဖြစ်ရာ ယခုအချိန်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခုထက် ပိုမိုကိုင်ဆောင်သူများ၊ အိမ်ထောင်စုလူဦးရေစာရင်း တစ်နေရာမက ပါဝင်နေသူများ ရှိနေဆဲဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ကိုယ်တိုင်သွားရောက်၍ ပယ်ဖျက်လိုသည့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများအား (၃၁-၁၂-၂၀၂၆) ရက် နောက်ဆုံးထား၍ ညှိနှိုင်းပယ်ဖျက် ဆောင်ရွက်ကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

၃။ သတ်မှတ်ရက်ဖြစ်သည့် (၃၁-၁၂-၂၀၂၆) ရက်အထိ ဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း တစ်ခုထက်ပိုမို ကိုင်ဆောင်သူများအား နောက်ဆုံးထုတ်ယူခဲ့သော နိုင်/ ဧည့်/ ပြု ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းကိုသာအတည်ပြု၍ ယခင်ကိုင်ဆောင်ခဲ့သည့် နိုင်/ ဧည့်/ ပြုကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအပိုများအား ပယ်ဖျက်စာရင်းသွင်းခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာမျက်နှာ ၆ မှ

ရှုမြင်ခဲ့ကြကာ ဥပဒေကို ကန့်ကွက်ခဲ့ကြသည်။ သို့ရာတွင် အစိုးရက ယင်းဥပဒေကို အတည်ပြုခဲ့သဖြင့် မြို့ကြီးများတွင် ဆန္ဒပြမှုများ ထွက်ပေါ်လာသည်။

ဆာရယ်ဂျီနယ်ကရက်ဒေါက်က ရန်ကုန်ယူနီဗာစီတီကို ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည်ဟု ကြေညာခဲ့ရာ ကောလိပ်ကျောင်းသားများက ကန့်ကွက်စည်းဝေးပွဲပြုလုပ်၍ ကိုဘဦး အား ခေါင်းဆောင်အဖြစ် တင်မြှောက်ပြီး ဥပဒေကိုမပြင်ဘဲ ဆက်လက်လုပ်ဆောင်ပါက ကျောင်းသားနှင့် ပြည်သူများ ပူးပေါင်းလှုပ်ရှားမည်ဖြစ်ကြောင်း တောင်းဆိုခဲ့သဖြင့် တက္ကသိုလ်ဖွင့်မည့်ရက်ကို ဒီဇင်ဘာလ ၇ ရက်နေ့သို့ ရွှေ့သွားသည်။

ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရွှေတိဂုံစေတီတော် အနောက်တောင်ဘက် စနေထောင့်ရှိ ကွပ်ပျစ်ကြီးနှစ်ခုပေါ်တွင် စည်းဝေးကြကာ နယ်ချဲ့အစိုးရကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဒီဇင်ဘာလ ၄ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်ကောလိပ်နှင့် ယုဒဿန်ကောလိပ်မှ ကျောင်းသား ၄၀၀ ကျော်သည် ဗဟန်း၊ ရေတာရှည်လမ်းရှိ ဦးအရိယကျောင်းတိုက်၌ ထပ်မံစုဝေးကာ တက္ကသိုလ် အက်ဥပဒေဖျက်သိမ်းရေး သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ တက္ကသိုလ်အာဏာပိုင်များက တောင်းဆိုချက်များကို လိုက်လျောခြင်းမရှိသဖြင့် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ (၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့ပြီး မျိုးချစ်ဝံသာနုပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှုများဖြင့် အမြို့မြို့အနယ်နယ်တွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။

ပထမကျောင်းသားသပိတ်သည် အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ပထမဆုံးအကြိမ်အဖြစ် တစ်မျိုးသားလုံးစုစည်းမိခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်ပေါင်းများစွာ ငုပ်လျှိုးနေခဲ့သည့် အမျိုးသားရေးစိတ်ဓာတ် ပြန်လည်ပေါ်ထွန်းလာမှုဖြင့် နယ်ချဲ့အာဏာပိုင်တို့ကို ပထမဆုံးအကြိမ် ဘက်ပြိုင်အန်တုခဲ့ကြခြင်းဖြစ်သည်။ နယ်ချဲ့ကို ဆန့်ကျင်ခဲ့ကြသည့် အမျိုးသားရေးစိတ်ဓာတ်မှာ ကျဉ်းမြောင်းသည့် လူမျိုးစွဲစိတ်ဓာတ်နှင့် များစွာခြားနားပြီး ငါတို့အားလုံး မြန်မာဟူသည့် တစည်းတလုံးတည်း ညီညွတ်မှုကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သကဲ့သို့ ထိုအမျိုးသားရေးစိတ်ဓာတ်ကို နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေးရသည်အထိ လက်ဆင့်ကမ်း သယ်ပိုးခဲ့ကြခြင်းဖြစ်သည်။

ရွှေတိဂုံဘုရား စနေထောင့်နှင့် ဘုရားကြီး၏ ခြေတော်ရင်း ဗဟန်းဦးအရိယကျောင်းဝင်းအတွင်း ရှိ ကျောက်စာတိုင်များက အမျိုးသားရေးစိတ်ဓာတ် ၏သမိုင်းမှတ်တိုင်များကို အထင်အရှားပြသနေသည်။ အမျိုးသားရေးစိတ်ဓာတ်သည် တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေပြီး ထိုစိတ်ဓာတ်ဖြင့် နိုင်ငံနှင့် လူမျိုးအတွက် လွတ်လပ်ရေးကိုရယူခဲ့ကြသလို ထိုစိတ်ဓာတ်ဖြင့်ပင် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ပြီး ထိုစိတ်ဓာတ်ဖြင့်ပင် နိုင်ငံနှင့်လူမျိုးတို့ တိုးတက်ကြီးပွားရန် ကြိုးပမ်းအားထုတ် တည်ဆောက်သွားကြရမည်ဟု သန့်ဌာန်ပြုကြရန် ကျောက်စာတိုင်လေးများက နှိုးဆော်တိုက်တွန်း သွန်သင်နေကြသည့်သဖွယ်ပင် ဖြစ်ပါသတည်း။ ။

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပဲခူး နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် တိုင်းဒေသကြီးတစ်ခုဖြစ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာစနစ်သို့ ရာခိုင်နှုန်းပြည့် ပြောင်းလဲနိုင်ရေး ဒေသအလိုက် လယ်ယာသုံး စက်ကိရိယာထုတ်လုပ်မှုများကို အားပေးမြှင့်တင်ပေးရန်လိုကြောင်း ယနေ့နံနက်ပိုင်းက ကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒေသတွင်းပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အသား၊ ငါး၊ ဥများ သတ်မှတ်ချက်အတိုင်း အပြည့်အဝစားသုံးနိုင်ရေး မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်မွေးမြူနိုင်ရေး အခွင့်အလမ်းကောင်းများ ဖန်တီးပေးသွားရန်နှင့် တစ်ဖက်တွင်လည်း တစ်အုပ်တစ်မိုး စားဖိုဆောင် သီးနှံစိုက်ခင်းများ အောင်မြင်စေရန် ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ နှစ်စဉ်သုံးသီးစိုက်ဧကများ တိုးတက်လာစေရေးနှင့် သီးထပ်စွမ်းအား တိုးတက်လာစေရေး စိုက်ပျိုးရေးရရှိရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တန်ဖိုးမြှင့်စပါးမျိုးများဖြစ်သော တောင်ပုံမွေးနှင့် ပေါ်ဆန်းမွေးတို့အား မျိုးမြှင့်တင်နိုင်ရန် ခေါင်နှံဖြင့် ပျိုးထောင်စိုက်ပျိုး၍ မျိုးသန့်ခြင်းတို့ ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ဆက်လက်၍ Online Zoom Meeting System ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မိုးသီးနှံရိတ်သိမ်းနေမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု၊ ဒေသတွင်း လစဉ်မွေးမြူမည့် တိရစ္ဆာန်ဦးတည်အုပ်စုအလိုက် တိုးခဲ့မွေးမြူထားရှိမှုနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြသည်။

ထို့နောက်တက်ရောက်လာသည့်တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပိုင်းဝန်းအကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို အသေးစိတ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲ ညလွှတ်စိန်နားပန်ပြိုင်ပွဲတွင် ဇွဲလူငယ်နှင့် ညမီးကြိုးပြိုင်ပွဲတွင် လွိုင်ခမ်းမီးအသင်းတို့ ပထမဆုများ ဆွတ်ခူးရရှိ



ညမီးကြိုးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ရွှေဇုန်မီးအသင်း ပြိုင်ပွဲဝင်နေစဉ်။

တောင်ကြီး နိုဝင်ဘာ ၂၅

နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကိုးရက်တိုင် ကျင်းပခဲ့သည့် တောင်ကြီးတန်ဆောင်တိုင် ရိုးရာမီးပုံးပျံပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ပိတ်ပွဲအခမ်းအနားနှင့်အတူ အဝေးရာမီးပုံးပျံကွင်း၌ ကျင်းပခဲ့သည်။

ယခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲသည် ပြိုင်ပွဲဝင်မီးပုံးပျံအလုံးရေအများဆုံး၊ ပရိသတ်စံချိန်တင် အများဆုံးနှင့် ခရီးသွားဧည့်သည်အများဆုံး လာရောက် အားပေးကြည့်ရှုခဲ့သည့် ပွဲတော်တစ်ခုဖြစ်သည်။

(၇၆) ကြိမ်မြောက် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် နေ့လွှတ်သဘာဝရုပ်လုံး ခြေနှစ်ချောင်း ပြိုင်ပွဲ၌ တိမ်ခအသင်းက ကြက်တူရွေး ရုပ်လုံးဖြင့် ပထမဆုကိုလည်းကောင်း၊ မိုက်ခဲအသင်းက ဂဠုန်ရုပ်လုံးဖြင့် ဒုတိယဆုကိုလည်းကောင်း၊ အားမာန်မီးအသင်းက ကတ္တပါရုပ်လုံးဖြင့် တတိယဆုကိုလည်းကောင်း၊ သဘာဝရုပ်လုံး ခြေလေးချောင်းပြိုင်ပွဲတွင် R4 အသင်းက ဝက်ဝံရုပ်လုံးဖြင့် ပထမဆု၊ ရုံးပျော်အသင်းက ဆင်ရုပ်လုံးဖြင့် ဒုတိယဆု၊ ဧည့်ပျော်မီးအသင်းက ကြွေရုပ်လုံးဖြင့် တတိယဆုတို့ကိုလည်းကောင်း၊ နေ့လွှတ် သဘာဝရုပ်လုံးအုပ်စုအလိုက် ပြိုင်ပွဲတွင် လေယွေအသင်းက သင်းကွဲ(၃)ကောင်ဖြင့် ပထမ၊ ရောပျော်အသင်းက ယုန်(၃) ကောင်ဖြင့် ဒုတိယ၊ ကိုပွားမီးအသင်းက မြင်းပျံ(၃)ကောင်ဖြင့် တတိယဆုတို့ကို အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ယခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲတွင် ပြိုင်ဆိုင်မှုပြင်းထန်သည့် ညလွှတ်မီးပုံးပျံပြိုင်ပွဲများအနက် ညလွှတ်စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် ဇွဲလူငယ်အသင်းက ပထမ၊ မီးအိမ်အသင်းက ဒုတိယ၊ နေကြာစေ့အသင်းက တတိယဆုတို့ကို လည်းကောင်း၊ ညလွှတ်ညမီးကြိုးပြိုင်ပွဲတွင် လွိုင်ခမ်းမီးအသင်းက ပထမ၊ 81 နဂါးပျံအသင်းက ဒုတိယနှင့် ရွှေဇုန်မီးအသင်းက တတိယဆုတို့ကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

"စိန်နားပန်မီးပုံးပျံပြိုင်ပွဲမှာ ကျွန်တော်တို့အသင်းက ပဆိုဝ်းတိုင်းရင်းသားကိုယ်စားပြုအဖြစ် အေးသာယာမြို့ကနေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနှစ်မှာ မီးပုံးပျံအလုံးရေများပြီး ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲလည်းဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဖို့ အတွက် တစ်လအချိန်ယူပြီး ကြိုးစားခဲ့တာပါ။ ၂၀၁၆ ခုနှစ်မှာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှာ တတိယဆု၊ ၂၀၂၅ ခုနှစ်မှာ ဒုတိယဆုနဲ့ ဒီနှစ်မှာ ပထမဆုကိုရရှိခဲ့တာပါ။ ဒီနှစ်မှာ ပထမဆုရရှိတာဟာ ယခင်က ဆုရရှိခဲ့တဲ့ အောင်ပွဲတွေထက်ပိုပြီး ဝမ်းသာဂုဏ်ယူမိပါတယ်။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲမှာ တိုင်းရင်းသားပေါင်းစုံ ဝင်ရောက်ယှဉ်ပြိုင်ကြတာဖြစ်တဲ့အတွက် အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လွှတ်တင်တဲ့ မီးပုံးပျံတွေအားလုံး ကောင်းကြပါတယ်။ လာမယ့်နှစ် မီးပုံးပျံပြိုင်ပွဲမှာလည်း ပိုင်ဆိုင်ထားတဲ့ ချန်ပီယံဆုကို ထိန်းသိမ်းကာကွယ်ရင်း အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ"ဟု စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် ပထမဆုရ ဇွဲလူငယ်အသင်းခေါင်းဆောင် ဦးစိုးဝင်းက ပြောသည်။

"ကျွန်တော်တို့အသင်းက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်က ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ဒီနှစ်မှာ နေ့လွှတ်/ညလွှတ် ၅၆၁ လုံးမှာ ညလွှတ်မီးပုံးပျံ ၁၁၂ လုံးနဲ့ ပါဝင်ခဲ့ပြီး သူတင်ကိုယ်တင် ယှဉ်ပြိုင်ရာမှာ ကျွန်တော်တို့အသင်းက ပထမဆုကိုရရှိခဲ့တာပါ။ အောင်မြင်မှုနဲ့ ထိုက်တန်အောင်လည်း အားလုံးအချိန်ယူပြီး ကြိုးစားအားထုတ်ခဲ့ကြတဲ့ အကျိုးကျေးဇူးပဲလို့ ပြောရမှာပါ။ ဒီနှစ်ပြိုင်ပွဲက မနှစ်ကထက် အများကြီးတိုးတက်ပြောင်းလဲလာပြီး ပြိုင်ဆိုင်မှုလည်း အားကြီးပါတယ်။ တိုင်းရင်းသားညီအစ်ကို အားလုံးရဲ့ ရိုးရာပြိုင်ပွဲဖြစ်တဲ့အတွက် အစဉ်အလာတစ်ခုကို ပိုင်ဝန်းထိန်းသိမ်းတဲ့အပေါ် ကျေးဇူးလည်းတင်ပါတယ်။ အထူးသဖြင့် ညမီးကြိုးယှဉ်ပြိုင်မှုကို ရပ်နီး၊ ရပ်ဝေးက ချစ်ပရိသတ်တွေ အထူးစည်ကားစွာလာရောက်အားပေးတဲ့အပေါ် အထူးပဲ ကျေးဇူးတင်ဂါရဝပြုပါတယ်။ လာမယ့်နှစ်မှာလည်း ဆက်လက်ပိုင်ဆိုင်ထားဖို့ ပိုပြီးကြိုးစား အားထုတ်သွားမှာပါ။ ယခုလို ပြိုင်ပွဲဖြစ်မြောက်အောင် စီမံဆောင်ရွက်ပေးတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ညမီးကြိုးမီးပုံးပျံပြိုင်ပွဲတွင် ပထမဆုရရှိသည့် လွိုင်ခမ်းမီးအသင်းခေါင်းဆောင် ဦးအောင်အောင်ဦးက ပြောသည်။

ယခုနှစ် မီးပုံးပျံပြိုင်ပွဲကို ဒိုင်အဖွဲ့များက အထူးဂရုစိုက် ကြပ်မတ်ဆောင်ရွက်ခဲ့ပြီး အမှတ်စာရင်းများကို ပေါင်းခဲ့ခြင်းဖြစ်ကြောင်း။ ဆုရရှိသည့်အသင်းများ အနေဖြင့်လည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ စိန်နားပန်နှင့် ညမီးကြိုးပြိုင်ပွဲတွင် အကောင်းဆုံး အသင်းများ ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နေ့လွှတ်အရုပ်မီးပုံးပျံပြိုင်ပွဲဆိုလျှင်လည်း အနုပညာဆန်သည့် တီထွင်ဆန်းသစ်မှု အားကောင်းသောအသင်းများ ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အမှတ်ပေးရာတွင်လည်း ဘက်လိုက်မှုမရှိစေရန် အထူးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆုနှင့် ထိုက်တန်သည့်အသင်းများ ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း မီးပုံးပျံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီအတွင်းရေးမှူး ဦးတင်ဝင်း (ပန်းချီ)က ပြောသည်။

၂၀၂၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြိုး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရုပ် အုပ်စု ၇၅ လုံး စုစုပေါင်း နေ့လွှတ်အရုပ်မီးပုံးပျံ ၄၄၉ လုံး၊ စုစုပေါင်း မီးပုံးပျံ ၅၆၁ လုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

လာမည့် ၂၀၂၇ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကို ယခုနှစ်ထက် ပိုမိုကောင်းသော ပြိုင်ပွဲဝင်စနစ်အချို့ကို ပြောင်းလဲသွားရန်ရှိကြောင်း မီးပုံးပျံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီမှ သိရသည်။

ကိုထွေး၊ သစ္စာ၊ ဓာတ်ပုံ-ဇွဲမာန်

သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုး ပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့် စနစ်များကို ကြံဆဆောင်ရွက်ပါ။









စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

စစ်တွေ နိုဝင်ဘာ ၂၅

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများကို အငြိမ်းစားဝန်ထမ်းများအား ပေးအပ်ကြသည်။

အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကာ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပါဝင်မှုတိုင်းတာပေးခြင်း၊ ဆီးချို သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးရောဂါ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကြပြီး လိုအပ်သောဆေးဝါးများကိုလည်း အခမဲ့ထုတ်ပေးကြသည်။ အလားတူ တိုင်းရင်းဆေးပညာဦးစီးဌာနမှလည်း အငြိမ်းစားဝန်ထမ်းများအား တိုင်းရင်းဆေးများ အခမဲ့ထောက်ပံ့ပေးအပ်ကြသည်။

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းများကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သဃ်နိုးကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ယနေ့တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ပြိုင်ပွဲကောင်း တစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း ပြောကြား၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အ.ထ.က(၄)တာမွေမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကွင်းသို့ ရောက်ရှိရာ သေနတ်ပစ်အဖွဲ့ချုပ်ရှိ ၁၀ မီတာ၊ ၂၅ မီတာ၊ မီတာ ၅၀ များရှိ အမိုးနှင့် ရေတံလျှောက်လဲလှယ်ခြင်း နှင့်မီတာ ၅၀ နဲ့ရံအကန့်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မလေးရှား နိုင်ငံ၌ ဒီဇင်ဘာလတွင် ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် ၂၀၂၇ ခုနှစ် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသော လက်ရွေးစင်သေနတ်ပစ်အားကစား သမားများကို ကြည့်ရှုအားပေး၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဘော်လီဘော အားကစားရုံနှင့် တည်ဆောက်လျက်ရှိသည့် သဲသောင်ပြင် ဘော်လီဘော အားကစားကွင်း၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် မြင်းစီးကွင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ တောင်ဒဂုံမြို့နယ်ရှိ ဘက်စုံသုံးအားကစားခန်းမကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တောင်ဥက္ကလာပမြို့နယ်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တက်ရောက်နိုင်ရေး အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၅



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သိရှိမြန်မာခန်းမ၌ Grade-10 ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တက်ရောက်နိုင်ရေး အခွင့်အလမ်းနှင့် ဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်း ကကျင်းပရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်နော်ဝဲမာဝင်း၊ ဗဟန်းမြို့နယ် စက်ံာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း တွဲဖက်ပါမောက္ခ ဒေါ်ခင်ငြိမ်းစုသွယ်နှင့် သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိတို့က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း များ၏ ဘာသာရပ်ဆိုင်ရာ သင်ကြားရေး စနစ်၊ ဝင်ခွင့်သတ်မှတ်ချက်များ၊ ပညာဆက်လက် သင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းများကို ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများနှင့် မိဘများက သိရှိလိုသည့် အချက်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ Grade-9,Grade-10 ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

ပန်းတနော်မြို့နယ်၌ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ဆိုင်ရာ အသိပညာပေးဟောပြော

ပန်းတနော် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် သမိုင်းကျေးရွာ၌ ရာသီဥတုပြောင်းလဲမှုနှင့် မီးခိုးမြူငွေ့အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းကကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဒေါ်အေးအေးလှိုင်က ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ထိခိုက်နိုင်မှုအခြေအနေများ၊ ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် ရေကို စနစ်တကျချွေတာသုံးစွဲရေးဆိုင်ရာအချက်အလက်များနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုတားဆီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ကြောင့် ကျန်းမာရေးအပေါ် ထိခိုက်သက်ရောက်နိုင်မှုအခြေအနေများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏။

အစိမ်းရောင်စီးပွားရေးမှ အစိမ်းရောင်မြို့တော်ဆီသို့

၂၁ ရာစုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု၊ သဘာဝသယံဇာတပြန်းတီးမှုနှင့် ဂေဟစနစ် ပျက်စီးယိုယွင်းမှုတို့က လူသားမျိုးနွယ်စုတစ်ရပ်လုံး၏ ရှေ့ရည်ရွယ်သန်ရပ်တည်ရေးကို ခြိမ်းခြောက်လာနေသည့် အဓိကပြဿနာကြီးများဖြစ်သည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက ဤစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် 'အစိမ်းရောင် စီးပွားရေး' အယူအဆကို ရှေ့တန်းတင် လှုံ့ဆော်လာခဲ့ကြသည်။ အစိမ်းရောင်စီးပွားရေးဟူသည် ကာဗွန်ထုတ်လွှတ်မှု နည်းပါးခြင်း၊ သယံဇာတအကျိုးရှိစွာသုံးစွဲခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း အားလုံးပါဝင်နိုင်ခြင်းတို့ကို အခြေခံကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဟန်ချက်ညီညီ ပေါင်းစပ်ထားသည့် စနစ်တစ်ခုဖြစ်သည်။



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ချောင်ဂယ်ချွန်း (Cheonggyecheon) ချောင်း

သို့ရာတွင် စီးပွားရေးစနစ်တစ်ခုလုံးကို အစိမ်းရောင်အသွင်ပြောင်းလဲရန် ကြိုးပမ်းရာ၌ အခြေခံအကျဆုံးနှင့် ထိရောက်မှုအရှိဆုံးကဏ္ဍမှာ ကမ္ဘာ့လူဦးရေအများစု စုဝေးရာဖြစ်သော "မြို့ပြများ" ကို ပြုပြင်ပြောင်းလဲရန်ပင်ဖြစ်သည်။ မြို့ပြများသည် ကမ္ဘာ့မြေမျက်နှာပြင်၏ နှစ်ရာခိုင်နှုန်းမျှသာ ရှိသော်လည်း ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်သုံးစွဲမှု၏ ၇၅ ရာခိုင်နှုန်းကျော်နှင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ကို တာဝန်ရှိနေကြသည်။ ထို့ကြောင့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် မြို့ပြစီမံခန့်ခွဲမှုပုံစံများကို အစိမ်းရောင်မြို့တော်များအဖြစ် အသွင်ကူးပြောင်းရန် မဖြစ်မနေလိုအပ်လာခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် မြို့ပြအုပ်ချုပ်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ခွဲခြားမရအောင် ချိတ်ဆက်ပေးထားပါသည်။

အစိမ်းရောင်စီးပွားရေး၏ အခြေခံသဘောတရားများနှင့် ကမ္ဘာ့ရေစီးကြောင်း

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အစိမ်းရောင်စီးပွားရေးဆိုသည်မှာ "လူသားတို့၏ သာယာဝပြောမှုနှင့် လူမှုရေးဆိုင်ရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးပြီး တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် ဂေဟစနစ်ရှားပါးမှုများကို သိသိသာသာ လျော့ချပေးနိုင်သော စီးပွားရေးစနစ်" ဖြစ်သည်။ ရိုးရာစီးပွားရေးပုံစံသည် သဘာဝသယံဇာတများကို အဆမတန်ထုတ်ယူသုံးစွဲပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျစ်လျူရှုကာ GDP တိုးတက်မှုကိုသာ ဦးတည်သော်လည်း အစိမ်းရောင်စီးပွားရေးသည် ရေရှည်တည်တံ့မှုကို ဗဟိုပြုသည်။

အစိမ်းရောင်စီးပွားရေး၏ အဓိကမဏ္ဍိုင်သုံးရပ်

၁။ ကာဗွန်နည်းပါးသော ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ရုပ်ကြွင်းလောစာ (ကျောက်မီးသွေး၊ ရေနံ) သုံးစွဲမှုကို လျော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ကူးပြောင်းခြင်း၊

၂။ သယံဇာတ ထိရောက်စွာ အသုံးချခြင်းအနေဖြင့် စွမ်းအင်၊ ရေ၊ ကုန်ကြမ်းပစ္စည်းများကို လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စီမံခန့်ခွဲခြင်း၊

၃။ လူမှုရေးအရ အားလုံးပါဝင်နိုင်မှုအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ချခြင်း၊ အစိမ်းရောင်အလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် လူမှုရေးတန်းတူညီမျှမှုရှိစေခြင်း။

အစိမ်းရောင်စီးပွားရေး၏ သမိုင်းကြောင်းနှင့် ဆင့်ကဲဖြစ်စဉ်များ

အစိမ်းရောင်စီးပွားရေးဟူသော ဝေါဟာရသည် ၁၉၈၉ ခုနှစ်တွင် ပတ်ဝန်းကျင်ဘောဂဗေဒ ပညာရှင်များ ရေးသားခဲ့သော "Blueprint for a Green Economy" အစီရင်ခံစာမှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးကပ်ဆိုက်ချိန်တွင်မှ UNEP က "Global Green New Deal" ကို အဆိုပြုခဲ့ပြီး နိုင်ငံတကာ၏ အာရုံစိုက်မှုကို ပိုမိုရရှိလာခဲ့သည်။ ရိုးရာစီးပွားရေးသည် GDP တိုးတက်မှုကိုသာ ပဓာနထားပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို "ပြင်ပသက်ရောက်မှု" အဖြစ်သာရှုမြင်ခဲ့သည်။ ယခုအခါတွင်မူ စီးပွားရေးတိုးတက်မှုသည် သဘာဝအရင်းအနှီး၏ ခံနိုင်ရည်စွမ်းအားအပေါ်တွင် တိုက်ရိုက်မှီခိုနေကြောင်းကို အသိအမှတ်ပြုလာကြပြီး Green GDP ဟူသော ညွှန်းကိန်းသစ်များဖြင့် တိုင်းတာလာကြပြီဖြစ်သည်။

မက်ခရိစီးပွားရေး၊ အစိမ်းရောင် အလုပ်အကိုင်များနှင့် ပြည်သူ့ကျန်းမာရေး

အစိမ်းရောင်စီးပွားရေးသို့ ကူးပြောင်းခြင်းသည် စီးပွားရေးကိုနေးကွေးစေသည်ဟူသော အယူအဆ ဟောင်းများကို မျက်မှောက်ခေတ် သုတေသနများက ချေဖျက်လျက်ရှိပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (နေရောင်ခြည်၊ လေအား)၊ စွမ်းအင်ချွေတာသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ရိုးရာစက်မှုလုပ်ငန်းများထက် အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ပိုမိုဖန်တီးပေးနိုင်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် အစိမ်းရောင်စီးပွားရေးသည် ပြည်သူ့ကျန်းမာရေးကို တိုက်ရိုက်အကျိုးပြုပါသည်။ လေထုနှင့် ရေထုသန့်စင်လာမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကူးစက်ရောဂါများ လျော့ကျလာစေသည်။ ဤလုပ်ငန်းစဉ်များအတွက် မြို့ပြစီမံခန့်ခွဲမှုယန္တရားများ၊ မြို့နှစ်စီပယ်အုပ်ချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

ပတ်လည်စီးပွားရေးစနစ်နှင့် မြို့ပြအုပ်ချုပ်ရေး

အစိမ်းရောင်စီးပွားရေး၏အဓိကမောင်းနှင်အားတစ်ခုမှာ ပတ်လည်စီးပွားရေးစနစ်ဖြစ်သည်။ "ထုတ်ယူ၊ သုံးစွဲ၊ စွန့်ပစ်" ဟူသော မျဉ်းဖြောင့်စီးပွားရေးပုံစံကို စွန့်ခွာ၍ ပစ္စည်းများကို လျော့ချသုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်အသုံးပြုခြင်း (Reduce, Reuse, Recycle) စနစ်သို့ ကူးပြောင်းခြင်း ဖြစ်သည်။ ဤစနစ်သည် မြို့ပြများ၏ အမှိုက်စီမံခန့်ခွဲမှုအတွက်သာမက ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ပါ ကုန်ကျစရိတ်ကို ကြီးမားစွာသက်သာစေပါသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ရပ်ကွက်အလိုက် အမှိုက်ခွဲခြားစွန့်ပစ်ရေးစနစ်များ၊ စားသောက်ဆိုင်များနှင့် ဈေးဆိုင်ခန်းများမှ ထွက်ရှိသော အော်ဂဲနစ်အမှိုက်များကို စနစ်တကျ ပြန်လည်အသုံးချရေးတို့ကို ထိရောက်စွာ စတင်အကောင်အထည်ဖော်နိုင်ပါသည်။

အစိမ်းရောင်စီးပွားရေး ကူးပြောင်းမှုဆိုင်ရာ စိန်ခေါ်မှုများ

အစိမ်းရောင်စီးပွားရေးသို့ ကူးပြောင်းရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြို့ပြအုပ်ချုပ်ရေး အဖွဲ့အစည်းများအတွက် အဓိကစိန်ခေါ်မှုများမှာ နည်းပညာလိုအပ်ချက်၊ ကနဦး ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် ကြီးမားခြင်းနှင့် မူဝါဒပိုင်းဆိုင်ရာ အားနည်းချက်များ ပင်ဖြစ်သည်။ ထို့ကြောင့် ကာဗွန်ခရက်ဒစ် ဈေးကွက်တွင် ပါဝင်ခြင်း၊ အစိမ်းရောင်ငွေတိုက်စာချုပ်များ ထုတ်ဝေခြင်း စသည့်ခေတ်မီဘဏ္ဍာရေးယန္တရားများကို မဖြစ်မနေလေ့လာကျင့်သုံးရန် လိုအပ်လာပါသည်။

အထူးသဖြင့် စမတ်စီးတီးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ စီမံကွပ်ကဲနိုင်မည့် မဟာဗျူဟာများရေးဆွဲရန် လိုအပ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ပါရီသဘောတူညီချက်အရ ကမ္ဘာ့အပူချိန်တိုးလာမှုကို စက်မှုခေတ်မတိုင်မီကထက် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်အတွင်း ထိန်းချုပ်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ကတိကဝတ်ပြုခဲ့ကြသည်။ ဤရည်မှန်းချက်အောင်မြင်ရန် အတွက် နိုင်ငံအဆင့် ကာဗွန်လျော့ချရေးအစီအစဉ်များကို ချမှတ်ခဲ့ကြပြီး ယင်းသည် အစိမ်းရောင်စီးပွားရေးမူဝါဒများကို တွန်းအားပေးသည့် ကမ္ဘာ့အကြီးမားဆုံးသော နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ရေစီးကြောင်းကြီး ဖြစ်လာခဲ့သည်။

လျင်မြန်သော မြို့ပြအသွင်ကူးပြောင်းမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ

ကမ္ဘာလုံးဆိုင်ရာ လူဦးရေတိုးပွားမှုနှင့်အတူ ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းအခြေချမှုနှုန်းသည် အရှိန်အဟုန်ဖြင့် မြင့်တက်လျက်ရှိသည်။ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးရာဌာန (UN DESA) ၏ ခန့်မှန်းချက်အရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၈ ရာခိုင်နှုန်းသည် မြို့ပြများတွင် နေထိုင်ကြတော့မည်ဖြစ်သည်။ ဤကဲ့သို့ လျင်မြန်လှသော မြို့ပြအသွင်ကူးပြောင်းမှုသည် စနစ်တကျ ပြင်ဆင်စီမံထားခြင်းမရှိပါက ကြီးမားသော ပတ်ဝန်းကျင်ဆိုင်ရာ ကပ်ဘေးများကို ဖန်တီးလာနိုင်သည်။

မြို့ပြများရင်ဆိုင်နေရသော အဓိကပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- မြို့ပြများတွင် သစ်ပင်ပန်းမန်များနှင့် မြေလွတ်မြေရိုင်းများ နည်းပါးလာပြီး ကွန်ကရစ် အဆောက်အအုံများနှင့် ကတ္တရာလမ်း များပြားလာခြင်းကြောင့် ကျေးလက်ဒေသများထက် အပူချိန် သိသိသာသာ မြင့်တက်လာသည့်ဖြစ်စဉ်၊
- မော်တော်ယာဉ်များမှထွက်ရှိသော မီးခိုးများ၊ စက်ရုံအလုပ်ရုံများ၏ ထုတ်လွှတ်မှုများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များကြောင့် ဖြစ်ပေါ်လာသော PM2.5 နှင့် အခြားအဆိပ်ငွေ့များသည် မြို့ပြနေပြည်သူများ၏ ကျန်းမာရေးကို ပြင်းထန်စွာ ထိခိုက်စေခြင်း၊

စာမျက်နှာ ၁၁ သို့

ဝေဖြိုးအောင်

- **အစိမ်းရောင်မြို့တော် မဟာဗျူဟာများ အောင်မြင်ရန်အတွက် ခိုင်မာသော မူဝါဒဘောင်များ၊ တီထွင်ဆန်းသစ်သော ဘဏ္ဍာရေးယန္တရားများနှင့် ပြည်သူလူထု၏ တက်ကြွစွာ ပါဝင်မှုတို့လိုအပ်သည်။ ဥပဒေနှင့် မူဝါဒဆိုင်ရာမက်လုံးများ အနေဖြင့် အစိုးရနှင့် မြို့ပြအာဏာပိုင်များက အစိမ်းရောင်နည်းပညာ သုံးစွဲသည့်လုပ်ငန်းများကို အခွန်လျှော့ပေါ့ပေးခြင်း၊ Green Building စံနှုန်းမီ ဆောက်လုပ်သည့် ကန်ထရိုက်တာများကို အဆောက်အအုံအမြင့်ပေ ပိုမိုဆောက်လုပ်ခွင့်ပြုခြင်း စသည့်မက်လုံးများပေးရမည်**
- **ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မည်မျှပင်ကောင်းမွန်သော စနစ်ရှိစေကာမူ ပြည်သူများက လိုက်နာခြင်း မရှိပါက မအောင်မြင်နိုင်ပါ။ မြို့ခံပြည်သူများအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခြင်း၊ အမှိုက်ခွဲခြားစွန့်ပစ်သည့်အလေ့အထကို ငယ်စဉ်ကတည်းက ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်းနှင့် ရပ်ကွက်အလိုက် စိမ်းလန်းစိုပြည်ရေလှုပ်ရှားမှုများကို ပံ့ပိုးပေးခြင်းတို့သည် ရေရှည်အောင်မြင်မှု၏ အချက်ဖြစ်**

စာမျက်နှာ ၁၀ မှ

– နေ့စဉ်ထွက်ရှိနေသည့် ပလတ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများကို စနစ်တကျ မဖျက်ဆီးနိုင်ခြင်းကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေထုညစ်ညမ်းခြင်းနှင့် ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခြင်း။

အများစုကို စုပ်ယူထားကြသည်။ Green Buildings (ဥပမာ– LEED သို့မဟုတ် Green Mark စံနှုန်းမီ အဆောက်အအုံများ)သည် သဘာဝအလင်းရောင်နှင့် လေဝင်လေထွက်ကို အမြင့်ဆုံးရရှိအောင် ဒီဇိုင်းဆွဲထားသဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို သိသိသာသာ လျှော့ချနိုင်သည်။ အမိုးပေါ်တွင် နေရောင်

Traditional Cities နှင့် Green Cities တို့၏ နှိုင်းယှဉ်ချက်

စဉ် / ကဏ္ဍ	ရိုးရာမြို့ပြစနစ် (Traditional/ Brown City)	အစိမ်းရောင်မြို့တော်စနစ် (Green City)
စွမ်းအင်အသုံးပြုမှု	ရုပ်ကြွင်းလောင်စာ (Coal,Petroleum) ကို အဓိကအားထားသည်။	ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Solar, Wind) ကို ပေါင်းစပ်အသုံးပြုသည်။
သယ်ယူပို့ဆောင်ရေး	ကိုယ်ပိုင်မော်တော်ယာဉ်ကို ဦးစားပေးပြီး လမ်းပိတ်ဆို့မှုများသည်။	အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး (Transit-Oriented)နှင့် စက်ဘီးလမ်းများကို ဦးစားပေးသည်။
အဆောက်အအုံများ	စွမ်းအင်နှင့် ရေကို အလဟဿ လေလွင့်မှုများပြားသည်။	Green Buildings စံနှုန်းများ သုံးစွဲပြီး စွမ်းအင်ချွေတာသည်။
စွန့်ပစ်ပစ္စည်း	Linear Model (ဝယ်၊ သုံး၊ စွန့်ပစ်) အမှိုက်ပုံကြီးများ စုပုံထားသည်။	Circular Economy (3R: Reduce, Reuse, Recycle) စနစ်ကို သုံးသည်။
စိမ်းလန်းစိုပြည်မှု	ကွန်ကရစ်အဆောက်အအုံများပြားပြီး ပန်းခြံနှင့် သစ်ပင်ရှားပါးသည်။	Urban Forestry, ခေါင်မိုးပေါ် စိုက်ခင်းများနှင့် နေရာအနှံ့ ပန်းခြံများ ရှိသည်။

အစိမ်းရောင်မြို့တော်တစ်ခု၏ အဓိကမဏ္ဍိုင်ကြီးများ

ရိုးရာမြို့ပြများမှ အစိမ်းရောင်မြို့တော်များ အဖြစ် အသွင်ကူးပြောင်းရန်အတွက် ပေါင်းစပ် အကောင်အထည်ဖော်ရမည့် မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးငါးရပ်ရှိပါသည်။ ဤမဏ္ဍိုင်များကို ဟန်ချက်ညီညီ စီမံခန့်ခွဲခြင်းဖြင့်သာ ရေရှည် တည်တံ့သော မြို့ပြဂေဟစနစ်ကို တည်ဆောက် နိုင်သည်။

စိမ်းလန်းသော အခြေခံအဆောက်အအုံနှင့် မြို့ပြစီမံကိန်း

အစိမ်းရောင်မြို့တော်တစ်ခု၏ အခြေခံအကျဆုံး အချက်မှာ မြို့ပြစီမံကိန်းရေးဆွဲကတည်းက သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ် အောင် ရေးဆွဲခြင်းဖြစ်သည်။ ယင်းတွင် “အစိမ်း ရောင်ဇုန်” နှင့် “ အပြာရောင်ဇုန် (Blue Zones– ရေပြင်၊ ကန်များ)” ကို စနစ်တကျ ထည့်သွင်းရမည်။ မြို့ပြသစ်တောများတည်ထောင်ခြင်း၊ လမ်းဘေး ဝဲယာတွင် အပူဒဏ်ခံနိုင်ပြီး အောက်ဆီဂျင်များပြား စွာထုတ်လွှတ်ပေးသည့် ဒေသမျိုးရင်းသစ်ပင်များနှင့် ပန်းမန်များ (ဥပမာ– ရာသီအလိုက်ပွင့်သောပန်းများ နှင့် အဖြစ်မြင်သစ်ပင်များ) ကို စိုက်ပျိုးခြင်းဖြင့် မြို့ပြအပူချိန်ကို လျှော့ချနိုင်သည်။

ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးစနစ်

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် မြို့ပြကာဗွန် ထုတ်လွှတ်မှု၏ အဓိကရင်းမြစ်ဖြစ်သည်။ အစိမ်း ရောင်မြို့တော်များသည် Transit-Oriented Development (TOD) စနစ်ကို အသုံးပြု၍ အများ ပြည်သူစီးပွားဖြစ်သယ်ယူပို့ဆောင်ရေး (ရထား၊ ဘတ်စ်ကား) လိုင်းများကို ဗဟိုပြုကာ မြို့ကွက်များ ကို ဖွဲ့စည်းသည်။ ထို့ပြင် လျှပ်စစ်မော်တော်ယာဉ် (EV) များအတွက် အခြေခံအဆောက်အအုံများ ဖန်တီးပေးခြင်း၊ ဘေးကင်းစိတ်ချရသော စက်ဘီးစီး လမ်းများနှင့် လူလျှောက်လမ်းများကို စနစ်တကျ ဖော်ဆောင်ပေးခြင်းဖြင့် ကိုယ်ပိုင်ကားသုံးစွဲမှုကို လျှော့ချစေသည်။

စွမ်းအင်ထိရောက်မှုနှင့် အစိမ်းရောင်အဆောက်အအုံများ

အဆောက်အအုံများသည် မြို့ပြစွမ်းအင်၏ ခြည်စွမ်းအင်သုံး ဆိုလာပြားများတပ်ဆင်ခြင်း၊ ရေနွေးထုတ်လုပ်ရန် သဘာဝအပူကိုသုံးခြင်းနှင့် စွမ်းအင်ချွေတာသော အီလက်ထရွန်နစ်ပစ္စည်းများ သုံးစွဲခြင်းတို့ကို မဖြစ်မနေလိုက်နာရမည့် စံနှုန်းများ အဖြစ် သတ်မှတ်ရမည်။

ပတ်လည်စီးပွားရေးနှင့် စမတ်အမှိုက်စီမံခန့်ခွဲမှု

အစိမ်းရောင်မြို့တော်သည် အမှိုက်ကို စွန့်ပစ် ပစ္စည်းဟုမမြင်ဘဲ သယံဇာတအဖြစ် ရှုမြင်သည်။ Circular Economy မူဝါဒအရ အမှိုက်များကို အရင်းအမြစ်ကတည်းက စနစ်တကျခွဲခြားခြင်း (စိုအမှိုက်၊ ခြောက်အမှိုက်ခွဲခြားခြင်း)၊ အော်ဂဲနစ် စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာထုတ်လုပ် ခြင်းနှင့် ပလတ်စတစ်၊ ဖန်၊ သတ္တုများကို ပြန်လည် အသုံးပြုခြင်းတို့ကို လုပ်ဆောင်သည်။ ထို့ပြင် မီးရှို့ ဖျက်ဆီးရာတွင်လည်း စွမ်းအင်ပြန်လည်ထုတ်လုပ် နိုင်သည့် စက်ရုံများကို အသုံးပြုသည်။ စားသောက် ဆိုင်များနှင့် မြို့ပြဈေးဆိုင်ခန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်းသည် ပြည်သူ့ကျန်းမာရေးကို များစွာ အထောက်အကူပြု ပါသည်။

ရေအရင်းအမြစ်နှင့် ရေဆိုးစီမံခန့်ခွဲမှု

မိုးရေထိန်းသိမ်းခြင်းစနစ်များကို အဆောက် အအုံကြီးများတွင် တပ်ဆင်စေပြီး မြို့ပြရေဆိုး များကို အဆင့်မြင့်သန့်စင်စနစ်များဖြင့် သန့်စင်ကာ ပန်းခြံရေလောင်းခြင်း၊ လမ်း ဆေးခြင်းနှင့် အိမ်သာ များတွင် ပြန်လည်သုံးစွဲခြင်းတို့ကို လုပ်ဆောင်ခြင်း ဖြင့် မြေအောက်ရေထုတ်ယူမှုကို ထိန်းသိမ်းနိုင် သည်။

စမတ်နည်းပညာနှင့် မြို့ပြအုပ်ချုပ်မှုစနစ် ပေါင်းစပ်ခြင်း

အစိမ်းရောင်မြို့တော်တစ်ခု ပေါ်ထွန်းလာရန် အတွက် ရိုးရာစီမံခန့်ခွဲမှုပုံစံဖြင့် မလုံလောက်ဘဲ စမတ်မြို့တော် နည်းပညာများကို အခြေခံရမည်ဖြစ် သည်။ အချက်အလက်အခြေပြု မြို့ပြအုပ်ချုပ်မှု စနစ်သည် အရင်းအမြစ်များကို အလေအလွင့်မရှိ စေရန် တိကျစွာ ထိန်းချုပ်ပေးနိုင်သည်။

Internet of Things (IoT) နှင့် ဆင်ဆာနည်းပညာ များအနေဖြင့် မြို့ပြ၏နေရာအနှံ့အပြားတွင် တပ်ဆင်ထားသော IoT ဆင်ဆာများသည် လေထု အရည်အသွေး၊ ရေထုညစ်ညမ်းမှု၊ အမှိုက်ပုံများ ပြည့်လျှံမှုနှင့် လမ်းမများပေါ်မှ ယာဉ်ကြောပိတ်ဆို့ မှုများကို Real-time အချက်အလက်များအဖြစ် ဗဟိုထိန်းချုပ်ရေးဌာနသို့ ပေးပို့သည်။ ဤအချက် အလက်များကို အခြေခံ၍ အမှိုက်သိမ်းယာဉ်များ သွားရမည့်လမ်းကြောင်းကို အကောင်းဆုံးရှာဖွေ ခြင်း၊ ယာဉ်ကြောမပိတ်ဆို့အောင် မီးပွိုင့်စနစ်များကို စမတ်ကျကျ ထိန်းချုပ်ခြင်းဖြင့် လောင်စာဆီ လေလွင့်မှုကို လျှော့ချနိုင်သည်။

စမတ်ဂရစ်နှင့် စွမ်းအင်ခွဲဝေမှုအနေဖြင့် စမတ် ဂရစ်စနစ်သည် မြို့ပြအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့် ထုတ်လုပ်မှုကို ဉာဏ်ရည်တု (AI) အသုံးပြုကာ ဟန်ချက်ညီအောင် ထိန်းညှိပေးသည်။ နေ့ခင်းဘက်တွင် ဆိုလာမှထွက်သော ပိုလျှံစွမ်းအင် များကို ဘက်ထရီသိုလှောင်ရုံများတွင် သိမ်းဆည်း ပြီး ညဘက်လိုအပ်ချက်ဖြင့်မားချိန်တွင် ပြန်လည် ဖြန့်ဖြူးပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက် မှုကို ကာကွယ်ပေးနိုင်သည်။

မူဝါဒချမှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူ့အခန်းကဏ္ဍ

အစိမ်းရောင်မြို့တော် မဟာဗျူဟာများ အောင်မြင်ရန်အတွက် နိုင်မာသော မူဝါဒဘောင် များ၊ တိကျင်ဆန်းသစ်သော ဘဏ္ဍာရေးယန္တရားများ နှင့် ပြည်သူလူထု၏ တက်ကြွစွာပါဝင်မှုတို့ လိုအပ် သည်။ ဥပဒေနှင့် မူဝါဒဆိုင်ရာမက်လုံးများအနေဖြင့် အစိုးရနှင့် မြို့ပြအာဏာပိုင်များက အစိမ်းရောင် နည်းပညာသုံးစွဲသည့် လုပ်ငန်းများကို အခွန် လျှော့ပေါ့ပေးခြင်း၊ Green Building စံနှုန်းမီ ဆောက်လုပ်သည့် ကန်ထရိုက်တာများကို အဆောက် အအုံအမြင့်ပေ ပိုမိုဆောက်လုပ်ခွင့်ပြုခြင်း စသည့် မက်လုံးများ ပေးရမည်။

အစိမ်းရောင်ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုအနေ ဖြင့် အစိမ်းရောင်မြို့ပြ အခြေခံအဆောက်အအုံများ သည် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသဖြင့် ရိုးရာဘတ်ဂျက်ဖြင့် မလုံလောက်နိုင်ပါ။ ထို့ကြောင့် “အစိမ်းရောင်ငွေတိုက်စာချုပ်များ” ထုတ်ဝေခြင်း၊ နိုင်ငံတကာဘဏ်များမှ ရေရှည်ဖွံ့ဖြိုးရေး ချေးငွေ များရယူခြင်းနှင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုပုံစံများကို ဖော်ဆောင်ရမည်။

ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မည်မျှပင်ကောင်းမွန်သော စနစ်ရှိစေကာမူ ပြည်သူများက လိုက်နာခြင်းမရှိပါက မအောင်မြင်နိုင် ပါ။ မြို့ခံပြည်သူများအကြား ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးခြင်း၊ အမှိုက်ခွဲခြား စွန့်ပစ်သည့်အလေ့အထကို ငယ်စဉ်ကတည်းက ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြား ခြင်းနှင့် ရပ်ကွက်အလိုက် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုများကို ပံ့ပိုးပေးခြင်းတို့သည် ရေရှည် အောင်မြင်မှု၏ အချက်ဖြစ်သည်။

နိုင်ငံတကာ စံနမူနာပြ အစိမ်းရောင်မြို့တော်များ၏ သင်ခန်းစာများ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သည် လျင်မြန် စွာ မြို့ပြခဲ့ထွင်မှုကြောင့် ကြုံတွေ့ခဲ့ရသော ညစ်ညမ်းမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများကို အောင်မြင်စွာ ကုစားနိုင်ခဲ့သည့် စံပြမြို့ဖြစ်သည်။ မြို့လယ်ကောင်ရှိ မိုးဟွေကားလမ်းမကြီးကို ဖျက်သိမ်း ကာ ချောင်ဂယ်ချွန်း (Cheonggyecheon) ချောင်းကို မူလသဘာဝအတိုင်း ပြန်လည်ဖော်ဆောင်ခဲ့ခြင်းဖြင့် မြို့ပြအပူချိန်ကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်။ ထို့ပြင် စမတ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို အသုံးပြု၍ အမှိုက်ပမာဏအလိုက် အခွန်ကောက်ခံသည့်စနစ် ကို ကျင့်သုံးကာ မြို့ပြအမှိုက်များကို စနစ်တကျ လျှော့ချနိုင်ခဲ့သည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့သည် ကမ္ဘာ့ ပထမဆုံး ကာဗွန်ကြားနေမြို့ဖြစ်လာရန် ရည်မှန်း ချက် ချမှတ်ထားသည်။ မြို့ခံပြည်သူများ၏ ၆၂ ရာခိုင်နှုန်းကျော်သည် နေ့စဉ်ရုံးတက်၊ ကျောင်းတက် ရာတွင် စက်ဘီးကိုသာ အသုံးပြုကြပြီး မြို့ပြအတွင်း အဝေးထိန်းစနစ်သုံး စွမ်းအင်ထိရောက်သော အပူပေး စနစ်ကို ပေါင်းစပ်တပ်ဆင်ထားသည်။

ဘရာဇီးနိုင်ငံ ကျူရီတီးဘားမြို့သည် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုတွင်ရှိသော်လည်း ဘတ်ဂျက်အနည်းဆုံး ဖြင့် ကမ္ဘာ့အစိမ်းရောင်အရှိဆုံး မြို့ပြစီမံကိန်းကို ဖော်ဆောင်နိုင်ခဲ့သည်။ ယင်းတို့သည် ငွေကုန် ကြေးကျများသော မြေအောက်ရထားအစား Bus Rapid Transit (BRT) စနစ်ကို ပထမဆုံးတီထွင်ခဲ့ ပြီး ဆင်းရဲသားရပ်ကွက်များမှ အမှိုက်များကို ဘတ်စ်ကားလက်မှတ်နှင့် လဲလှယ်ပေးသည့် “Green Exchange” အစီအစဉ်ဖြင့် အမှိုက် ပြဿနာနှင့် ဆင်းရဲနွမ်းပါးမှုကို တစ်ပြိုင်နက် ဖြေရှင်းခဲ့သည်။

အချုပ်အားဖြင့် အစိမ်းရောင်စီးပွားရေးမှ အစိမ်းရောင်မြို့တော်ဆီသို့ အသွင်ကူးပြောင်းခြင်း သည် ရွေးချယ်စရာလမ်းတစ်ခုမဟုတ်ဘဲ အနာဂတ် မျိုးဆက်သစ်များ ရှင်သန်နိုင်ရေးအတွက် မဖြစ် မနေ လျှောက်လှမ်းရမည့် လမ်းစဉ်ဖြစ်သည်။ ကွန်ကရစ်များအဖြစ် ပြောင်းလဲနေသည့် ရိုးရာမြို့ပြ များကို သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ရှိပြီး နည်းပညာစမတ်ကျသော အစိမ်းရောင်မြို့တော် များအဖြစ် ပြောင်းလဲခြင်းဖြင့် ရာသီဥတုပြောင်းလဲ မှုကို တားဆီးနိုင်ရုံသာမက ပြည်သူများ၏ လူမှု စီးပွားဘဝကိုလည်း သိသိသာသာမြှင့်တင်ပေးနိုင် သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ အောင်မြင် သော မော်ဒယ်များကို အတုယူကာ မိမိတို့၏ ဒေသန္တရအခြေအနေ၊ ဘတ်ဂျက်နှင့်ကိုက်ညီသော ဗျူဟာများကို ချမှတ်ရမည်။ ရေတိုကာလ၌ မူဝါဒ နှင့်စံနှုန်းများသတ်မှတ်ခြင်း၊ ရေရှည်ကာလ၌ စမတ် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်း တို့ကို အဆင့်လိုက်လုပ်ဆောင်သွားရန် တိုက်တွန်း အကြံပြုအပ်ပါသည်။ ။

ဓိဋ္ဌာန်းကိုးကားစာရင်း

၁။ United Nations Environment Programme (UNEP). (2011). Towards a Green Economy: Pathways to Sustainable Development and Poverty Eradication.

၂။ UN–Habitat. (2016). New Urban Agenda. Adopted at the United Nations Conference on Housing and Sustainable Urban Development (Habitat III).

၃။ World Bank. (2020). Sustainable Cities and Communities Overview. World Bank Group.

၄။ Intergovernmental Panel on Climate Change (IPCC). (2022). Climate Change 2022: Mitigation of Climate Change. Chapter 8: Urban Systems and Other Settlements.

၅။ Seoul Metropolitan Government. (2014). Seoul Action Plan for Global Green Growth. (Replaced Singapore Green Plan 2030).

၆။ Ministry of Natural Resources and Environmental Conservation (MONREC), Myanmar. (2019). National Environmental Policy of Myanmar & Myanmar Climate Change Strategy (2019–2030).



❖ *ကျောဖုံးမှ*

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး(ဝဲပုံ) အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြိုင်ပွဲကုန်ကျစရိတ် ငွေကျပ်သိန်း ၂၉၀၀ လှူဒါန်းမှုကို လက်ခံယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ အားကစားဝါသနာရှင်များနှင့်အတူ ပြိုင်ပွဲ အဖွင့်ပွဲစဉ် အဖြစ် အားကစားရေးရာအသင်းနှင့် တောင်ပေါ်သား(ရှမ်း)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၆ ခုနှစ် ကမ္ဘောဇဖလား အလွတ်တန်းဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၂သင်း၊ အမျိုးသမီးအသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပသွားဖြစ်သည်။

ယမန်နေ့ ညပိုင်းကလည်း မီးပဒေသာပူဇော်ပွဲ လှည့်လည်ပူဇော်မှုကို ပြည်နယ်လွှတ်တော်ရှေ့မှ ကြည့်ရှုအားပေးပြီး အဝေရာမီးပုံးပျံကွင်းအတွင်း တေးဂီတများဖြင့် ဖျော်ဖြေမှု၊ ညမီးကြီး မီးပုံးပျံ၊ စိန်နားပန် မီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်မှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်ကျောင်း၊အမှတ်(၂၇)အခြေခံပညာမူလတန်းလွန်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (အောင်ချမ်းသာ) အခြေခံပညာမူလတန်းလွန်ကျောင်း(အလျင်လို) တို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကိုလည်းကောင်း၊ တပ်မတော် (ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက် လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲ လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော် လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့်မိမိနိုင်ငံ၏သမိုင်းကြောင်း ဆိုင်ရာ အချက်အလက်များကို လေ့လာ သိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လေ့လာရေး လာရောက်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ရင်တွင်းစကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

ကျွန်တော်တို့ အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ အခု စစ်သမိုင်းပြတိုက်ရဲ့ ကြည်း၊ ရေ၊ လေ ပြခန်းတွေနဲ့ ပြင်ပပြကွက်တွေကို လေ့လာခဲ့ပြီးပါပြီ။ ကျွန်တော်တို့အနေနဲ့ကျောင်းမှာ သမိုင်းဘာသာရပ်တွေကို စာတွေ့အဖြစ်ပဲ သင်ယူခဲ့ရပါတယ်။ အခုလို စာတွေ့လက်တွေ့ ပေါင်းစပ်လေ့လာခွင့် ရရှိတဲ့အတွက် နိုင်ငံတော်ရဲ့ သမိုင်းကြောင်းဟာ ရှေးယခင်ကတည်းက အခိုင်အမာတည်ရှိခဲ့တယ်ဆိုတာကို သိမြင်ခဲ့ရပါတယ်။ နိုင်ငံတစ်ခု တိုးတက်ဖို့ဆိုတာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ ကာကွယ်ရေး စွမ်းအားတွေ ဘက်စုံဟန်ချက်ညီနေမှ ရမယ်ဆိုတာ လေ့လာခဲ့ရပါတယ်။ တပ်မတော်အတွင်းမှာ အသုံးပြုတဲ့ တိုက်လေယာဉ်တွေ၊ သင်္ဘောတွေ၊ လက်နက်တွေကို လက်တွေ့ကျကျတွေ့မြင်ခွင့် ရရှိခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရရှိအောင် စီမံပေးတဲ့ နိုင်ငံတော်သမ္မတကြီး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။ **သတင်းစဉ်**







❖ *ကျောဖုံးမှ*

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ငါးပွဲကစား ငါးပွဲစလုံး နိုင်ပွဲရရှိကာ ရာနှုန်းပြည့်နိုင်ပွဲရလဒ်ကို ထိန်းထားနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် တိုက်စစ်ကစားသမား အမ်ဘာပေ ခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူကာ တစ်ဂိုးဖန်တီးနိုင်ခဲ့သည်။

ပီအက်စ်ဗွီအသင်းသည် ပွဲချိန် ၃၂ မိနစ်တွင် ရရှိသော ပါရီဆစ်၏ ပယ်နယ်တီသွင်းဂိုးဖြင့် ရီးရဲမက်ဒရစ် အသင်းကို မိနစ် ၄၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်း ပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ဂိုးပြတ် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ပီအက်စ်ဗွီအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘိုဒိုဂလင့်က LASK ကို တစ်ဂိုး-ဂိုးမရှိ၊ ဂါလာတာစရေးက အက်စ်တွန်ဗီလာကို တစ်ဂိုး-ဂိုးမရှိ၊ ကိုမိုက AEK ကို တစ်ဂိုး-ဂိုးမရှိ၊ ပေါ်တိုက ဖီယင်နုကို တစ်ဂိုး-တစ်ဂိုးမရှိ၊ လိုက်ပ်ဇစ်က လန်းစ်ကို သုံးဂိုး-တစ်ဂိုး၊ ဘက်တစ်က ဆလိုဗန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး မန်စီးတီးနှင့် နာပိုလီအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် အာဆင်နယ်နှင့် ဒေါ့မွန်အသင်းပွဲစဉ်တွင်လည်း တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၅

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❑ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်နေ မနှင်းနှင်းဦး(ခ)ဂျပန်မ၏နေအိမ်မှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို မမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အောက်တိုဘာ ၂၉ ရက်တွင် ပုသိမ်ကြီးမြို့နယ် နားဇွေဘင်းကျ ရွာနေ မိုးထက်အောင်(ခ)မိုးထက်အား ဘိန်းဖြူ ၂ ဒသမ ၂ ကီလို၊ NISSAN TIIDA ယာဉ် တစ်စီးတို့နှင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့တွင် အမရပူရမြို့နယ်၌ အေးချိုအား ဘိန်းဖြူ ၂၂ ကီလို၊ ဆိုင်ကယ် တစ်စီးတို့နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် စောကဲဘလူးမူးနှင့် မဖြူဖြူဝင်းတို့အား ကလေးမြို့၌လည်းကောင်း၊ မအိအိကျော်(ခ) အိကျော်နှင့် ထက်ပိုင်မူး(ခ)ထက်ပိုင်အား ပြည်ကြီးတံခွန်မြို့နယ်၌လည်းကောင်း၊ အောင်ခိုင်စိုး(ခ)သားထူးအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရှိ ဟိုတယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

မိုးထက်အောင်(ခ)မိုးထက်၏ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်တွင် နေသင့်နေသင်အား စိတ်ကြွဆေးပြား တစ်သိန်း၊ သုံးဘီးယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၌ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရာဇာလင်းနှင့်ဆုအောင်ကိုလည်းကောင်း၊ ထင်ကျော်(ခ)ကျော်ကြီးအား ဆိုင်ကယ် တစ်စီးနှင့် လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ကျော်ဇင်ထွေးအား ချမ်းမြသာစည်မြို့နယ်၌ ဆိုင်ကယ် တစ်စီးနှင့်



တရားခံ နောင်နောင်၊ ရာဇာလင်း၊ ထင်ကျော်(ခ)ကျော်ကြီး၊ ဆုအောင်တို့အား သိမ်းဆည်းရမိသည့်စိတ်ကြွဆေးပြား တစ်သိန်းနှင့်အတူ တွေ့ရစဉ်။

လည်းကောင်း ဖမ်းဆီးရမိပြီး ၎င်းတို့၏ဖော်ထုတ်ချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပြည်သူလူထုနှင့်ပူးပေါင်း၍ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းရွာအနီးတွင် ကျော်ဇင်ထွေးမှ ကလေးသို့ ပို့ဆောင်ရန် သိုဝှက်သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၁၈ ဒသမ ၅ သိန်းအား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ သယ်ဆောင်ခိုင်းသူ အောင်အောင်(ခ)ဘကြီးအောင်အား ကလေးမြို့ အောင်မြေမာန်ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် အထက်ပါပူးပေါင်း အဖွဲ့သည် အမရပူရမြို့နယ် ရှားတောလေးရွာအနီး၌ လှိုင်နေထွန်းနှင့် ထွန်းမင်းလတ်တို့ နှစ်ဦးအား CANTER ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးချက်အရ ယင်းနေ့တွင် ဖမ်းဆီးရမိဘိန်းဖြူများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် မဦးမြာနှင့် ဝဏ္ဏထွန်းတို့ နှစ်ဦးကို အောင်မြေသာစံမြို့နယ်၌လည်းကောင်း၊ ဓစန်းစန်းအေးနှင့် စောလှထူး တို့အား ပြည်ကြီးတံခွန်မြို့နယ်၌လည်းကောင်း၊ ဖမ်းဆီးရမိဘိန်းဖြူများ ပို့ဆောင်ခိုင်းသူ သားချိုင်း(ခ) ကိုသားကြီး(ခ)ကိုသားအား ဇေယျာသိရိမြို့နယ်၌ TOYOTA KLUGER ယာဉ် တစ်စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးမှုဖြစ်စဉ်တွင် ငွေကျပ် ၅ ဒသမ ၃၂၄ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၉ ဒသမ ၅ သိန်းနှင့် ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလိုတို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား သယ်ဆောင်ခိုင်းသူမှာ တမူးမြို့နေ လားရီအဲ(ခ)သားကြီး(ခ)အဲငါ (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး မန္တလေးမှကလေးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရမိဘိန်းဖြူများအား ရောင်းချရန်ပို့ဆောင်ခိုင်းသူမှာ ဖယ်ခုံမြို့နယ်နေ တင်ဝင်း(ခ)ကံဦး(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ၎င်း၏စီမံမှုဖြင့် ဖယ်ခုံမြို့နယ်နေ မိုးကျော်(ခ) မိုးအောင်မှ ပင်လောင်းမှ မန္တလေးသို့ သယ်ဆောင်ရောင်းချခြင်းဖြစ်ပြီး မန္တလေးမှတစ်ဆင့် ကလေးသို့ ဆက်လက်သယ်ဆောင်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ သတင်းရယူဖော်ထုတ်ဖမ်းဆီးမှုအပေါ် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



တရားခံ သားချိုင်း(ခ)ကိုသားကြီး(ခ) ကိုသား၊ မဦးမြာ၊ ဓစန်းစန်းအေး၊ ဝဏ္ဏထွန်း(ခ)သားကြီး၊ စောလှထူး၊ ထွန်းမင်းလတ်နှင့် လှိုင်နေထွန်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။



တရားခံ ကျော်ဇင်ထွေး(ခ)ကျော်ဇင်၊ ဆုအောင်၊ ထင်ကျော်(ခ)ကျော်ကြီး၊ ရာဇာလင်းနှင့် အောင်အောင်(ခ)ဘကြီးအောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၁၈ ဒသမ ၅ သိန်းနှင့်အတူ တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

(အမျိုးသား)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရရှိခဲ့သည်။

ဒုတိယအဆင့် ပြိုင်ပွဲများတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းတို့နှင့် ပြိုင်ဆိုင်ခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့် အသီးသီး အနိုင်ရခဲ့ကြသည်။

နောက်ဆုံးပွဲစဉ်ဖြစ်သော ဒုတိယအဆင့် ပြိုင်ပွဲများတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂-၁ ဂိုးဖြင့်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၃-၂ ဂိုးဖြင့် အသီးသီး အနိုင်ရခဲ့ကြသည်။ ပြီးဆုံးသွားသော ပြိုင်ပွဲများမှ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ပြိုင်ပွဲစဉ်ဆက် ဒုတိယနှင့် တတိယနေရာ ရရှိခဲ့ကြသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

ရခိုင်ယူနိုက်တက်အတွက် အနိုင်ဂိုးများကို ၂၄၊ ၃၇၊ ၆၁ နှင့် ၆၉ မိနစ်တို့တွင် ထွန်းနိုင်စိုးက လေးဂိုးသွင်းယူပေးခဲ့ပြီး ၄၄ မိနစ်တွင် ဇော်ဇော်နိုင်က တစ်ဂိုးသွင်းယူပေးခဲ့သည်။ မနေ့အသင်းအတွက် ချေပဂိုး နှစ်ဂိုးကို ၄၂ မိနစ်တွင် မင်းစိုးသန်းနှင့် ၈၉ မိနစ်တွင် မုန်ဒန်လတောင်(ပယ်နယ်တီ)တို့က သွင်းယူပေးခဲ့သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်သည့်ပွဲစဉ်တွင် အဆင့်(၂)နေရာမှ တက္ကသိုလ်အသင်းနှင့် ရှုးပွဲမရှိသေးသည့် Royal Dagon အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပြီး ပွဲချိန် ၅၂ မိနစ်တွင် တက္ကသိုလ်အသင်းမှ ရှိုင်းထက်အောင်(၂)က အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး Royal Dagon အသင်းအတွက် ချေပဂိုးကို ၆၁ မိနစ်တွင် ပါကျေးက ပြန်လည်သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစား သမားဆုကို တက္ကသိုလ်အသင်းမှ ဂိုးသမား မင်းခန့်စိုးက ရရှိခဲ့သည်။

အပတ်စဉ်(၇) ဒုတိယနေ့ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ Enjoy Brother နှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-MLII

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၅ - မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

ဴး *ကျောဖုံးမှ*

(ပယ်နယ်တီ)နှင့် ၄၇ မိနစ်တွင် မှခံဆက်ကီတို့က သွင်းယူပေးခဲ့သည်။ သစ္စာအားမာန်အတွက် ချေပဂိုးများကို ၁၈ မိနစ်တွင် နိုင်ဝင်းထွန်း၊ ၃၂ မိနစ်တွင် စောမျိုးဇော်နှင့် မိနစ် ၇၀ တွင် ရှိုင်းဝဏ္ဏအောင်တို့က သွင်းယူနိုင်ခဲ့ကြသော်လည်း ပြိုင်ပွဲအပြီးတွင် အိမ်ရှင် ရှမ်းယူနိုက်တက်အသင်းက အနိုင်သုံးမှတ်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ ကွင်းလယ်ကစားသမား ရဲရင့်အောင်က ရရှိခဲ့သည်။

ထို့အတူ ယနေ့ ညနေပိုင်းက YUSC ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အပတ်စဉ် (၄) ရွှေဆိုင်းပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်က မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက် အတွက် အနိုင်ဂိုးများကို ၈ မိနစ်တွင် ဟိန်းဖြိုးဝင်း၊ ၇၉ မိနစ်တွင် မောင်မောင်လွင် (ပယ်နယ်တီ)နှင့် ၈၇ မိနစ်တွင် တာရာဝင်းထက်တို့က သွင်းယူခဲ့ကြပြီး AYA Pay အကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး မောင်မောင်လွင်က ရရှိခဲ့သည်။

အပတ်စဉ်(၇) ပွဲစဉ်များအပြီးတွင် ရန်ကုန်စီးတီး ၁၇ မှတ်၊ ဒဂုံစတားယူနိုက်တက် ၁၆ မှတ်၊ ရန်ကုန်ယူနိုက်တက် ၁၅ မှတ် (ခြောက်ပွဲကစား)၊ ရှမ်းယူနိုက်တက် ၁၃ မှတ် (ငါးပွဲကစား)၊ ရတနာပုံနှင့် စစ်ကိုင်းယူနိုက်တက် ၁၀ မှတ်စီ၊ အား/ကာသိပ္ပံ(ISPE) နှင့် ဟံသာဝတီယူနိုက်တက် ခုနစ်မှတ်စီ(ခြောက်ပွဲကစား)၊ ဧရာဝတီယူနိုက်တက် ခြောက်မှတ် (ခြောက်ပွဲကစား)၊ သစ္စာအားမာန်ငါးမှတ်၊ ချင်းလန်း လေးမှတ်နှင့် မြဝတီအသင်းက တစ်မှတ် ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ-ML

AI နည်းပညာဆိုင်ရာအန္တရာယ်များ စီမံခန့်ခွဲရန် ကမ္ဘာလုံးဆိုင်ရာမူဘောင်ချမှတ်နိုင်ရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း



ဂျီနီဗာ နိုဝင်ဘာ ၂၅

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဉာဏ်ရည်တုနည်းပညာ(AI)နှင့် နျူကလီးယားလက်နက်တို့ ပေါင်းစပ်အသုံးပြုလာခြင်းသည် ကပ်ဘေးဆိုးကြီးတစ်ခု ဖြစ်ပေါ်စေနိုင်သည့် အခြေအနေဖြစ်ကြောင်း သတိပေးပြောကြားခဲ့ပြီး AI နည်းပညာနှင့် ဆက်စပ်သည့် အန္တရာယ်များကို ထိန်းချုပ်စီမံနိုင်ရန် နိုင်ငံစုံပါဝင်သော မူဘောင်တစ်ရပ်ချမှတ်ရေးကို တိုက်တွန်းခဲ့သည်။

ဂူတာရက်စ်သည် ယမန်နေ့ကကျင်းပသည့် နည်းပညာသစ်များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအစည်းအဝေး၌ ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ AI နည်းပညာကို တာဝန်ယူမှုရှိရှိ အသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့် မျှဝေနိုင်ပါက ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ ဘဝများကို ပိုမိုကောင်းမွန်စေနိုင်ကြောင်း ၎င်းက အသိအမှတ်ပြုခဲ့သော်လည်း စစ်မြေပြင်တွင် AI နည်းပညာကို တိုးမြှင့်အသုံးပြုလာမှုအပေါ် စိုးရိမ်ကြောင်း ပြောကြားသည်။

အထူးသဖြင့် နျူကလီးယားလက်နက်များတွင် အမိန့်ပေးမှု၊ ထိန်းချုပ်မှုနှင့် ဆက်သွယ်ရေးစနစ်များတွင် AI နည်းပညာကို ပေါင်းစပ်အသုံးပြုလာခြင်းသည် ကြီးမားသော ကပ်ဘေးတစ်ရပ်ကို ဖြစ်ပေါ်စေနိုင်ကြောင်း ဂူတာရက်စ်က သတိပေးခဲ့ပြီး AI နည်းပညာကို နျူကလီးယားစွမ်းအင်နှင့် အခြားယုံကြည်စိတ်ချရသော နည်းပညာများကဲ့သို့ တင်းကျပ်သည့် စံနှုန်းများဖြင့် ကိုင်တွယ်သင့်ကြောင်း၊ ယုံကြည်စိတ်ချရပြီး လွတ်လပ်သော ကြီးကြပ်မှုစနစ်တစ်ရပ်ဖြင့် အထောက်အပံ့ပေးထားသည့် AI အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံစုံမူဘောင်တစ်ရပ် ပေါ်ပေါက်လာရေး အတွက် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန်လည်း ၎င်းက ဆက်လက်တိုက်တွန်းခဲ့သည်။

အင်နဲအိတ်ချ်ကေ

ယူအေအီးနိုင်ငံက ရေအရင်းအမြစ်ခိုင်မာစေရန် ပင်လယ်ရေသန့်စက်ရုံများ ပိုမိုတည်ဆောက်မည်

အဘူဒါဘီ နိုဝင်ဘာ ၂၅

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံသည် သောက်သုံးရေအရင်းအမြစ်များ ပိုမိုခိုင်မာစေရေး ပင်လယ်ကွေ့ပြင်ပတွင် ပင်လယ်ရေသန့်စင်ရေးစက်ရုံများ ပိုမိုတည်ဆောက်ရန် စီစဉ်ထားသည်ဟု ယူအေအီးစွမ်းအင်နှင့်အခြေခံအဆောက်အအုံဆိုင်ရာဝန်ကြီး ဆူဟေးလ် မိုဟာမက် အယ်မက်ဇ်ဇူအီ၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းသတင်းစာ ခါလိဂျ်တိုင်းမ်တွင် နိုဝင်ဘာ ၂၅ ရက်က ဖော်ပြထားသည်။

ရက်စ် အယ်ခိုင်မာ့မြို့၌ ပြုလုပ်သည့် အစည်းအဝေးအတွင်း ကုန်သွယ်ရေးနှင့် အခြားသော ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများကို ရှာဖွေနေသည့်အပြင် ယူအေအီး နိုင်ငံအနေဖြင့် သန့်ရှင်းသောရေအရင်းအမြစ်များ ပိုမိုပြည့်ဝအောင် ဖော်ထုတ်လျက်ရှိသည်ဟု ဝန်ကြီးက ပြောကြားသည်။

ပင်လယ်ကွေ့အပြင်ဘက် အရှေ့ဘက်ကမ်းရိုးတန်းတွင် ခေတ်မီနည်းပညာများကို အသုံးပြုကာ ပင်လယ်ရေသန့်စင်ရေးစက်ရုံ စီမံကိန်းများ ပိုမိုတည်ဆောက်သွားမည်ဟု ယူအေအီးစွမ်းအင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာဝန်ကြီး ဆူဟေးလ် မိုဟာမက် အယ်မက်ဇ်ဇူအီက ပြောသည်။

ပင်လယ်ရေတွင် ဆားဓာတ်ပါဝင်မှုမြင့်တက်လာခြင်းနှင့် ပင်လယ်ရေညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်ခြင်းတို့သည် ပင်လယ်ရေသန့်စင်စက်ရုံများ လည်ပတ်နိုင်ခြင်းအတွက် ဆိုးကျိုးများ ဖြစ်လာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

လစ်ဗျား၌ နိုင်ငံတကာစွမ်းအင်ညီလာခံနှင့် ပြပွဲကျင်းပ

ထရီပိုလီ နိုဝင်ဘာ ၂၅

လစ်ဗျားနိုင်ငံဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမစ် ဒီဘေဘာသည် နိုင်ငံ၏ မြို့တော် ထရီပိုလီမြို့၌ ပထမဆုံးအကြိမ် လစ်ဗျားနိုင်ငံတကာစွမ်းအင်ညီလာခံနှင့်ပြပွဲကို ယမန်နေ့က ဖွင့်လှစ်ပေးခဲ့ကြောင်း လစ်ဗျားအစိုးရ၏ Hakomitna သတင်းဌာနက ဖော်ပြသည်။

လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်း (NOC) က စီစဉ်ကျင်းပသည့် အဆိုပါ သုံးရက်ကြာ ညီလာခံနှင့် ပြပွဲသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်နှင့် နိုင်ငံတကာ စွမ်းအင်ကုမ္ပဏီကြီးများအပြင် ပြည်တွင်းစွမ်းအင်ကဏ္ဍရှိ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နိုင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ **ဆင်ဟွာ**

ဩစတြီးယားက နိုင်ငံတစ်ဝန်း ဒရုန်းကာကွယ်ရေးမဟာဗျူဟာ မိတ်ဆက်

ဗီယင်နာ နိုဝင်ဘာ ၂၅

ဩစတြီးယားအစိုးရသည် ဒရုန်းများကို ထောက်လှမ်းရှာဖွေရေးနှင့် ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကာ အရပ်ဘက်နှင့် စစ်ဘက်ကဏ္ဍများအတွက် နိုင်ငံတစ်ဝန်း ဒရုန်းကာကွယ်ရေး မဟာဗျူဟာကို နိုင်ငံအရှေ့ပိုင်း ဝီနာနျူစတက်သ်မြို့၌ နိုဝင်ဘာ ၂၄ ရက်တွင် မိတ်ဆက်ခဲ့ကြောင်း သိရသည်။

ယင်းမဟာဗျူဟာတွင် ဩစတြီးယားနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးဌာနအတွင်း ဒရုန်းအခြေအနေစောင့်ကြည့်ရေးစင်တာတစ်ခု ထားရှိရန်ပါဝင်ကြောင်း၊ ထို့အပြင် ၂၀၂၇ ခုနှစ်မှစတင်၍ ကာကွယ်ရေးဆိုင်ရာစနစ်သစ်နှစ်ခုကို စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဩစတြီးယားရုပ်သံလွှင့်ဌာန ORF ၏ ဖော်ပြချက်အရ သိရသည်။

ဆိုက်ဘာတိုက်ခိုက်မှုများ၊ ပေါင်းစပ်တိုက်ခိုက်မှုများ၊ အရေးကြီးအခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုများ၊ သတင်းမှားဖြန့်ဝေမှုများကဲ့သို့သော ခြိမ်းခြောက်မှုများကိုထောက်ပြပြီး လုံခြုံရေးဆိုင်ရာ အခြေအနေများမှာ အခြေခံကျကျ ပြောင်းလဲလာနေပြီဖြစ်ကြောင်း ဩစတြီးယား အဓိပတိ ခရစ်ရှန် စတော့ကာက ပြောကြားသည်။ **ဆင်ဟွာ**

ပထမဆုံး နိုင်ငံခြားသားအာကာသယာဉ်မှူးပါသည့် Shenzhou-24 အာကာသယာဉ် တရုတ်လွှတ်တင်

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံသည် နိုင်ငံခြားသားအာကာသယာဉ်မှူးတစ်ဦးလိုက်ပါသည့် လူလိုက်ပါ အာကာသယာဉ်ကို ပထမဆုံးအကြိမ် လွှတ်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။



Shenzhou-24 အာကာသယာဉ်ကို တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းရှိ ဂျူကွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင် China Central Television ၌ ဖော်ပြထားသည်။

အဆိုပါ အာကာသယာဉ်သည် လွှတ်တင်ပြီး မိနစ် ၂၀ ခန့်အကြာတွင် စီစဉ်သတ်မှတ်ထားသည့် ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။ အဆိုပါ အာကာသယာဉ်သည် ၂၀၂၂ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည့် ထျန်ကုန်းအာကာသစခန်းဆီသို့ဦးတည်ပျံသန်းခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ်တွင် ပါကစ္စတန် အာကာသယာဉ်မှူးအပါအဝင် အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားခဲ့သည်။ တရုတ်နိုင်ငံသည် အာကာသအင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန်ရည်မှန်းထားပြီး ၂၀၃၀ ပြည့်နှစ်မတိုင်မီ လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများ စေလွှတ်ဆင်းသက်စေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **အင်နဲအိတ်ချ်ကေ**

ကိုလံဘီယာ၌ ပြန်ပေးဆွဲခံရသည့် ဓားစာခံများအားလုံး လွတ်မြောက်

ဘိုဂိုတာ နိုဝင်ဘာ ၂၅

ကိုလံဘီယာနိုင်ငံမြောက်ပိုင်း ကာတာဂီနာမြို့ စူပါမားကတ်တစ်ခု၌ ပြန်ပေးဆွဲခံရသည့် ဓားစာခံများအားလုံး ပြန်လည်လွတ်မြောက်လာခဲ့ပြီး ပြန်ပေးဆွဲသမားတစ်ဦး သေဆုံးခဲ့ကြောင်း ကိုလံဘီယာ သမ္မတ အေဘယ်လာဒို ဒီလာ အက်စ်ပီရယ်လာက နိုဝင်ဘာ ၂၅ ရက်တွင် ဒေသခံမီဒီယာများကို ပြောကြားသည်။

သမ္မတသည် နိုဝင်ဘာ ၂၄ ရက်က ကာတာဂီနာမြို့သို့ သွားရောက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့တာဝန်ရှိသူများနှင့်အတူ ဆွေးနွေးသုံးသပ်မှုများအပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုချက်ပေးခဲ့သည်။ ဓားစာခံများအား ၁၆ နာရီကြာ ပြန်ပေးဆွဲထားခဲ့ကြပြီး နိုဝင်ဘာ ၂၄ ရက်တွင် ဓားစာခံ ၁၀ ဦး ပြန်လည်လွတ်မြောက်လာခဲ့သည်။ နိုဝင်ဘာ ၂၅ ရက် စစ်ဆင်ရေးတွင် ကျန်ရှိနေသေးသည့်ဓားစာခံ ၂၀ အား ကယ်တင်နိုင်ခဲ့သည်။

နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက မျက်နှာဖုံးဝတ်ဆင်ထားသည့် သေနတ်သမားအုပ်စုသည် စူပါမားကတ်အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဈေးဝယ်များနှင့် ဆိုင်ဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။ သေနတ်သမားများသည် ငွေသားသယ်ယူပို့ဆောင်သည့် သံချပ်ကာယာဉ်ကို လုယက်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သဖြင့် စူပါမားကတ်အတွင်းသို့ ဝင်ရောက်ကာ ဓားစာခံများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

ဂျပန်ဆောက်လုပ်ရေးလုပ်ငန်းများတွင် အေအိုင်စက်ရုပ်များကို စတင်အသုံးပြု

တိုကျိုး နိုဝင်ဘာ ၂၅

ဂျပန်နိုင်ငံရှိ ဆောက်လုပ်ရေး ကုမ္ပဏီအများစုသည် အလုပ်သမားများရှားပါးနေချိန် အဆောက်အအုံတိုးတက်မှုနှင့် လုံခြုံရေးကို စောင့်ကြည့်ရန် စက်ရုပ်များကို စတင်အသုံးပြုလာသည်။ ဆောက်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် ကာဂျီမာသည် အေအိုင်နည်းပညာသုံးစက်ရုပ်များကို ၂၀၂၅ ခုနှစ်မှစတင်၍ အသုံးပြုခဲ့သည်။ ၎င်း၏ ပြိုင်ဘက်ကုမ္ပဏီဖြစ်သည့် ရှီမီဇူသည်လည်း ဒီဇင်ဘာလမှစတင်ကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးကြပ်သူများအား ကူညီနိုင်ရေး စက်ရုပ်များကို စတင်အသုံးပြုရန် စီစဉ်ထားသည်။

ကာဂျီမာကုမ္ပဏီက အသုံးပြုသည့် စက်ကိရိယာများသည် လုပ်ငန်းခွင်တွင် အတားအဆီးများကို ရှောင်ရှားရန်နှင့် ဓာတ်ပုံများရိုက်ကူးရန် အေအိုင်စနစ်ကိုအသုံးပြုထားသည်။ စက်ရုပ်များသည် တိုင်များ၊ နံရံများနှင့် လမ်းကြောင်းများကို မှတ်မိနိုင်ပြီး အဆောက်အအုံအတွက် မြေပုံရေးဆွဲနိုင်သည်။ ရှီမီဇူကုမ္ပဏီအနေဖြင့် အေအိုင်စက်ရုပ်များကိုအသုံးပြုကာ ဓာတ်ပုံများကို အလိုအလျောက် တည်းဖြတ်ခြင်းနှင့် ဖြစ်လာနိုင်သည့် ပြဿနာများကို ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ရှီမီဇူကုမ္ပဏီက အဆိုပါစက်ရုပ်များ၏ ထိရောက်မှုကို အတည်ပြုပြီးနောက် ဆောက်လုပ်ရေးနယ်ပယ်ရှိ အခြားသောကုမ္ပဏီများကိုပါ ဖြန့်ဖြူးသွားနိုင်ရေး မျှော်မှန်းထားသည်။ **အင်နဲအိတ်ချ်ကေ**

ဝါရှင်တန်ပြည်နယ်၌ H5N1 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ သုံးဦးရှိပြီး တစ်ဦးသေဆုံးဟု WHO ပြောကြား

ဂျီနီဗာ နိုဝင်ဘာ ၂၅

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်၌ H5N1 ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ သုံးဦးရှိကြောင်း ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုအရ အတည်ပြုနိုင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးအနက် တစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သော်လည်း အများပြည်သူ အပေါ်ကျရောက်နိုင်မည့်အန္တရာယ် နည်းပါးကြောင်း WHO က သုံးသပ်ထားသည်။

လုပ်ငန်းခွင်အတွင်း အဆိုပါ ဗိုင်းရပ်စ်ပိုးနှင့် ထိတွေ့နိုင်ခြေရှိသူများအတွက် ကူးစက်ဖြစ်ပွားမှုအန္တရာယ်မှာ နည်းပါးမှုအဆင့်မှ အသင့်အတင့်အဆင့်အထိရှိသည်ဟု လက်တလောတွင် WHO က သုံးသပ်ထားသည်။ WHO သည် သတင်းအချက်အလက်များ ထပ်မံရရှိသည်နှင့်အမျှ အခြေအနေမှာ ပြောင်းလဲသွားနိုင်သည်ဟု မှတ်ချက်ပြုထားပြီး ယင်းဗိုင်းရပ်စ်ပိုးများနှင့် ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေများကို အနီးကပ် ဆက်လက်စောင့်ကြည့်နေကြောင်း သိရသည်။ **ဆင်ဟွာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထု
ညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ
ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

"ကြည်လင်သော ကောင်းကင်၊
သန့်ရှင်းသော လေ ရရှိဖို့
မီးရှို့ခြင်းကို ရပ်တန့်စို့"



၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ

မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကျန်းမာရေး၊ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု

- တောမီးလောင်ကျွမ်းခြင်း၊ ရိုးပြတ်နှင့် သီးနှံအကြွင်းအကျန်များကို မီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့များနှင့် အန္တရာယ်ရှိသော အခိုးအငွေ့များကို ရှူရှိုက်မိပါက ကာလတိုတွင် အသက်ရှူကြပ်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မျက်စိယားယံခြင်းတို့ကို ဖြစ်စေနိုင်ပြီး ကာလရှည်တွင် ကင်ဆာရောဂါ၊ အဆုတ်ရောဂါနှင့် နှလုံးရောဂါများကို ဖြစ်စေနိုင်ပါသည်။
- ကျန်းမာရေးထိခိုက်မှုကြောင့် လုပ်ငန်းခွင် မဝင်နိုင်ခြင်း၊ ကျောင်း မတက်နိုင်ခြင်း၊ ကျန်းမာရေးကုသစရိတ် ပိုမိုကုန်ကျခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။
- မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လေယာဉ်ခရီးစဉ်များနှင့် ပြည်တွင်း/ ပြည်ပ ခရီးသွားလုပ်ငန်းများ ရွှေ့ဆိုင်းရနိုင်ပြီး လူမှုစီးပွားဘဝကို ထိခိုက်နိုင်ပါသည်။
- လေထုညစ်ညမ်းမှုကြောင့် အပင်များ၏ ရှင်သန်ကြီးထွားမှုနှင့် တိရစ္ဆာန်များ၏ နေရင်းဒေသနှင့် နေထိုင်မှုစနစ်ကို ထိခိုက်စေနိုင်ပါသည်။






မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ




မီးတောင်ပေါက်ကွဲခြင်း　　တောမီးလောင်ကျွမ်းခြင်း




ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မီးရှို့ခြင်း　　ရိုးပြတ်များ မီးရှို့ခြင်း




သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း　　အမှိုက်မီးရှို့ခြင်း




မော်တော်ယာဉ်များမှ မီးခိုးထွက်ခြင်း　　စက်ရုံများမှ မီးခိုးငွေ့ထွက်ခြင်း

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု

- မီးခိုးမြူငွေ့များသည် လေတိုက်ခတ်နှုန်းနှင့် လားရာတို့အပေါ် မူတည်၍ နေရာတစ်နေရာမှအခြားတစ်နေရာ၊ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံများသို့ ရွှေ့လျားနိုင်သဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။
- မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ခြောက်သွေ့ရာသီ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ပြီး မတ်လနှင့် ဧပြီလများတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်လေ့ရှိပါသည်။
- အယ်လ်နီညိုနှစ်များတွင် မြေပြင်စိုထိုင်းဆ အလွန်အမင်း နည်းပါးခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခြင်းကြောင့် မီးစတင်လွယ်ခြင်း၊ မီးထိန်းချုပ်ရန် ခက်ခဲခြင်းနှင့် အနီးဝန်းကျင်သို့ လျင်မြန်စွာ ကူးစက်ပျံ့နှံနိုင်ခြင်း တို့ကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု ပိုမိုများပြားလာနိုင်ပါသည်။



မဲခေါင်ဒေသခွဲနိုင်ငံများတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှု အခြေအနေ (၉-၃-၂၀၂၆)

ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ




စောင့်ကြည့်စစ်ဆေးခြင်း　　မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း




ဝန်းကျင်လေထုအရည်အသွေး တိုင်းတာထုတ်ပြန်ခြင်း




အာသီယံညှိနှိုင်းပေးခြင်း　　နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း




သတင်းစာ၊ ရေဒီယို၊ SMS များမှတစ်ဆင့် ပြည်သူသို့ အသိပေးခြင်း

မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရန် ဒေသခံပြည်သူများမှ လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ရိုးပြတ်များကို မီးမရှို့ဘဲ ခုတ်ဖုံးစနစ် ကျင့်သုံးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊
- သီးနှံအကြွင်းအကျန်များအား မီးမရှို့ဘဲ သဘာဝမြေဩဇာပြုလုပ်ခြင်း၊ ကောက်ရိုးမှို ပြုလုပ်ခြင်း၊
- ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအစား အခြားဝင်ငွေရသော သီးနှံများကို စိုက်ပျိုးခြင်း၊
- သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊
- သစ်တောတွင်း မီးမဆင်မခြင် အသုံးပြုမှုကို ရှောင်ရှားခြင်း၊
- လမ်းသွားရင်း မီးမဆင်မခြင်အသုံးပြုမှုကို ရှောင်ရှားခြင်း၊
- လေဟာပြင်တွင် မီးရှို့မှုကို ရှောင်ကြဉ်ခြင်း၊
- သတင်းစာ၊ ရေဒီယို၊ SMS များမှ ထုတ်လွှင့်/ ပေးပို့သည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်နှင့် မိုးလေဝသဆိုင်ရာ သတိပေးချက်များကို စောင့်ကြည့်လိုက်နာခြင်း။



"ကြည်လင်သောကောင်းကင်၊ သန့်ရှင်းသောလေ ရရှိဖို့
မီးရှို့ခြင်းကို ရပ်တန့်စို့"

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လှည့်စားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လှည့်စားကမ်းမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လှည့်စားကမ်းမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးဖြိုဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံး အား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

မြို့ဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား မဖြိုဖျက်မီ တွေ့ရစဉ်။

ဖြိုဖျက်ပြီးစီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

မှားနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ အလုံး ၅၀ ကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ပုသိမ်မြို့၌ တိုင်းဒေသကြီးအဆင့် National Digital Award-2026 ဖြိုင်ပွဲကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၅

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချု၊ ကွန်ပျူတာအသင်းများ ပူးပေါင်းကျင်းပသည့် တိုင်းဒေသကြီးအဆင့် National Digital Award-2026 (Education Project & Skills Competition) ဖြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည် က ယခုကျင်းပသည့် ဖြိုင်ပွဲများကို ၂၀၂၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်ကာ ဖြိုင်ပွဲအဖြစ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေး ကဏ္ဍာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေခြင်းဖြစ်သဖြင့် ဆရာ ဆရာမများ၏ အရည်အသွေးသည် အဓိကအရေးကြီးပါကြောင်း၊ Digital နည်းပညာကို အပြည့်အဝအသုံးချနိုင်သည့် ထူးချွန်ထက်မြက်သော ပညာရှင်များ၊ ကျောင်းသားလူငယ်များ ပေါ်ထွက်လာစေရေးအတွက် ယခုလို ဖြိုင်ပွဲများကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းများမှ ဖြိုင်ပွဲဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၂ ဦးတို့၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)



အဂတိလိုက်စားမှု ကင်းရှင်းစေရေး "1111" ကို ဖေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။



တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးအဖွဲ့ဝင်များနှင့် အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိပြီး ပြည်သူတစ်ဦး သေဆုံး


မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အများပြည်သူသွားကားလမ်းမကြီးဘေးတွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာ

နေပြည်တော် နိဝင်ဘာ ၂၅

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ထိခိုက်သေဆုံးမှုများနှင့် ကြောက်ရွံ့ ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း/တံတားများ၊ ဈေးများ၊ ဘဏ်များ၊ လျှပ်စစ်ရုံးများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိဝင်ဘာ ၂၄ ရက် ည ၈ နာရီ မိနစ် ၃၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ မြောက်ဘက် မိတာ ၃၀ ခန့်အကွာ အများပြည်သူ သွားကားလမ်းမဘေး၌ မသင်္ကာဖွယ်ရာ ကျောပိုးအိတ်တစ်လုံး တွေ့ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး ရှင်းလင်းခြင်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားခဲ့သော မိုင်းပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါမိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် တံတားဦးမြို့နေ ဦးသက်ဆွေဇွိမ်း (၄၅) နှစ် (ဘ) ဦးမာကြည်၊ ဦးအေးမောင် (၃၅) နှစ် (ဘ) ဦးသန်းထွန်းမင်း၊ ဦးသိန်းဆွေ (၅၇) နှစ် (ဘ) ဦးလှအောင်၊ ဦးအောင်ကိုမြတ် (၄၈) နှစ် (ဘ) ဦးဆန်းအောင်၊ ဦးစောသန်း (၇၁) နှစ် (ဘ) ဦးမြခင်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြရာ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တံတားဦး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ဦးသိန်းဆွေ (၅၇) နှစ် (ဘ) ဦးလှအောင်သည် ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် ရရှိ ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အများပြည်သူ သွားလာနေသည့် လမ်းများပေါ်တွင် လက်လုပ်မိုင်းမျိုးစုံထောင်ခြင်း၊ အဝေးမှမိုင်းခွဲ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်စိုက်အား မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးဖြင့် ဆောင်ရွက်လျက် ရှိကြောင်းနှင့် ယခုကဲ့သို့ လူမဆန်သည့် လုပ်ရပ်များကို ယုတ်မာစွာ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်


မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာ။


ကျောပိုးအိတ်အတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် လက်လုပ်မိုင်းအားတွေ့ရှိရမှု။


မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ တစ်ဦး သေဆုံးမှု။


မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများရရှိမှုကို တွေ့ရစဉ်။

အမှတ်(၇၂)အစုန် ပြည်–ရန်ကုန် လူစီးအမြန်ရထားဖြင့် လူကြိတ်မိသေဆုံး

နေပြည်တော် နိဝင်ဘာ ၂၅

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေး အတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များ၊ လေအိတ်ရထားတွဲဆိုင်းများဖြင့် လူစီးအမြန်ရထားများ အစုန်/အဆန် ပြေးဆွဲပေးလျက်ရှိရာ အမှတ်(၇၂)အစုန်(ပြည်–ရန်ကုန်) လူစီးအမြန်လေအိတ်ရထားသည် ယနေ့ နံနက် ၂ နာရီ ၁၆ မိနစ်တွင် ဥက္ကံဘူတာမှ ထွက်ခွာလာပြီး တိုက်ကြီးမြို့နယ် ဥက္ကံဘူတာနှင့် ဖလုံဘူတာကြား မိုင်တိုင်အမှတ် ၅၆/၄ နှင့် မိုင်တိုင်အမှတ် ၅၆/၃ ကြားသို့ နံနက် ၂ နာရီ ၁၉ မိနစ်အချိန် ရောက်ရှိဖြတ်သန်းစဉ် ရထားသံလမ်း အလယ်တွင် အိပ်ပျော်နေသည့် အမျိုးသားတစ်ဦးအား ရထားဖြင့် ကြိတ်မိခဲ့ရာ ဝဲဘက် လက်တံတောင်ဆစ်အောက်မှပြတ်၊ ဦးခေါင်းယာဘက် ချိုစောင်းပေါက်ပြဒဏ်ရာတို့ဖြင့် ဖြစ်ပွားရာနေရာ၌ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ရထားဖြင့် လိုက်ပါလာသည့် ရထားလိုက်လုံခြုံရေးရဲအုပ်ဦးစီးအဖွဲ့သည် နယ်မြေခံ ဥက္ကံမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး စခန်းမှူးရဲအုပ်ဦးစီး (၇) ဦးတို့သည် နံနက် ၃ နာရီတွင် ရောက်ရှိစစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးရဲဇာနည် အသက်(၄၀) နှစ် (ဘ) ဦးခင်မောင်ဖြင့် မှတ်ပုံတင် မရှိ ပနီပင်ကျေးရွာ ဥက္ကံမြို့ နေထိုင်သူဖြစ်ကြောင်း သိရှိရသည်။

သေဆုံးသူအား ဥက္ကံမြို့ ငြိမ်းအေးချမ်းသာလူမှုကူညီရေး အသင်းယာဉ်ဖြင့် ဥက္ကံတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဖြစ်စဉ် နှင့်ပတ်သက်၍ ဥက္ကံမြို့မရဲစခန်းတွင် သေမှုသေခင်းအမှတ် (၁၅/၂၀၂၆) ဖြင့် အမှုဖွင့်ဆောင်ရွက် ထားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် အမှတ်(၇၂) အစုန်လူစီး အမြန်ရထားသည် ဖြစ်ပွားရာနေရာတွင် ၄၆ မိနစ် ကြန့်ကြာမှုဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းအနီး နေထိုင်ကြသည့် ဒေသခံပြည်သူများအနေဖြင့် ရထားလမ်းပေါ်နှင့် ရထားလမ်းအနီး စည်းကမ်းမဲ့ ဖြတ်သန်းသွားလာမှုများကြောင့် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာ သောက်စားပြီး ရထားလမ်းပေါ်တွင် အိပ်စက်ခြင်းများကြောင့်လည်းကောင်း မတော်တဆမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုကဲ့သို့ လူသေဆုံး/ထိခိုက်ဒဏ်ရာ ရရှိခြင်းများ ကြုံတွေ့နေရသဖြင့် မြန်မာ့မီးရထား မှတာဝန်ရှိသူများနှင့် ဒေသအာဏာပိုင်များ ပူးပေါင်း၍ ရထားလမ်းအနီးရှိ ကျေးရွာ၊ ရပ်ကွက်နှင့် မြို့နယ်များတွင် လူထုအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဘူတာများရှိ ကြော်ငြာသင်ပုန်းများတွင် အသိပေး ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ “ရထားအန္တရာယ် ကင်းရှင်းရေး နှင့်ပတ်သက်၍ သိရှိလိုက်နာရမည့် အချက်များ” ကို ပြည်သူအားလုံး ကအထူးအလေးထား လိုက်နာကြရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်


ဥက္ကံဘူတာနှင့် ဖလုံဘူတာအကြား အမှတ်(၇၂) အစုန် ပြည်–ရန်ကုန် လူစီးအမြန်ရထားဖြင့် လူကြိတ်မိသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

ဘုတ်ပြင်းမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ဘုတ်ပြင်း နိုဝင်ဘာ ၂၅

မြို့နယ်လုံးကျွတ်နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၂၄ ရက်က မြို့တော်ခန်းမနံဘေး စည်ပင်သာယာကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူများက နှစ်ကျိပ်ရှစ်ဆူဘုရားဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများမှ ဘုရားပွင့်စဉ်အလိုက် ပူဇော်ထားရှိသည့် ဘုရားနှင့် အလှပြယာဉ်များက မြို့တွင်းသို့ လှည့်လည်အပူဇော်ခံခဲ့သည်။ ဘုရားလှည့်လည်ပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ပြည်သူများက နှစ်ကျိပ်ရှစ်ဆူဘုရားများအား ဖူးမြော်ပူဇော်ခြင်း၊ စေတနာရှင် အလှူရှင်များက စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်းတို့ဖြင့် အထူးစည်းကာလျက်ရှိပြီး ဘုရားပွဲကျင်းပသည့် စည်ပင်သာယာကွင်း၌ ဘုရားများအား ပွင့်စဉ်အလိုက် ယာယီ



စံကျောင်းတွင် ပူဇော်ထားမည်ဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့မှ တန်ဆောင်မုန်းလဆုတ် ၅ ရက်အထိ ခြောက်ညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တနင်္သာရီမြို့နယ်၌ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



တနင်္သာရီ နိုဝင်ဘာ ၂၅

တနင်္သာရီမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့ ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဒေသခံပြည်သူများနှင့် ဧည့်ပရိသတ်များအား စတုဒိသာများ ကျွေးမွေးဧည့်ခံခဲ့ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆီမီးမျှောပွဲတော်ကို ကျင်းပခဲ့ပြီး တနင်္သာရီ တံတားပေါ်မှ မီးပုံးပျံအလုံးရေ ၂၀၀ ကို လွှတ်တင်ခဲ့ကြသည်။ ယင်းနောက် ဖျော်ဖြေရေးမဏ္ဍပ်တွင် အကအလှအမျိုးမျိုးဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ ဒေသခံပြည်သူများနှင့် ပွဲတော်လာ ဧည့်ပရိသတ်များက တန်ဆောင်တိုင်ပွဲတော်ကို ပျော်ရွှင်စည်ကားစွာ ဆင်နွဲခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လောင်းလုံးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် ရေရှားပါးမှုမဖြစ်ပေါ်စေရေး အသိပညာပေး

လောင်းလုံး နိုဝင်ဘာ ၂၅

လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် သောက်သုံးရေ ရှားပါးမှုများ မဖြစ်ပေါ်စေရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တ



မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး ရေရှားပါးခြင်းနှင့် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို ခြင်မပေါက်ပွားနိုင်ရေး အဖုံးဖြင့် သန့်ရှင်းစွာထားရှိရန်၊ ရေကိုချွေတာသုံးစွဲကြရန်နှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက သောက်သုံးရေ ရှားပါးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်နိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကဒက်ငယ်ဆိပ်ကျေးရွာနှင့် တီဇစ်ကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အထွေး



မိုင်းခတ်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

မိုင်းခတ် နိုဝင်ဘာ ၂၅

မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနှင့်ဝန်ထမ်းများက နိုဝင်ဘာ ၂၄ ရက်တွင် ကျေးရွာ ၁၀ ရွာသို့ ကွင်းဆင်း၍ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်တွင် ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုအခြေအနေများ၊ ဌာနမှ ဆောင်ရွက်ပေးခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာတာဝန်ရှိသူများအား ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

နန်းနွယ်နီ(ပြန်/ဆက်)

လွိုင်လင်မြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ကွင်းဆင်းဆေးကုသပေး

လွိုင်လင် နိုဝင်ဘာ ၂၅

(၂၅)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်လင်မြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ အကြိုကွင်းဆင်းဆေးကုသပေးခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်လင်မြို့ သမိုင်းဝင်မွေတော်ဖီပြဘုရားကြီးမမ္မာရုံ၌ တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ကြည့်ရှုအားပေးသည်။

လွိုင်လင်မိုး



မုဒုံမြို့၌ (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

မုဒုံ နိုဝင်ဘာ ၂၅

(၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များ၊ အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ၊ မျိုးချစ်စိတ်ဓာတ် ဇာတိမာန်ရှင်သန်ထက်မြက်မှု၏ အရေးကြီးပုံ၊ အမျိုးသားအောင်ပွဲနေ့၏ အနှစ်သာရမပျောက်ပျက်စေရေး ထိန်းသိမ်းဆောင်ရွက်သင့်မှုများကို သိရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို အခြေခံပညာအလယ်တန်းအဆင့် ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၃၃ ဦးက အမျိုးသားနေ့မြတ် မမေ့အပ်ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ရာမည(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၅

မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ အသင့်ထားရှိမှု၊ မီးချိတ်၊ မီးကပ်နှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများ ပြည့်စုံစွာထားရှိမှု၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုတို့ကို စစ်ဆေးခဲ့ကြသည်။ ထို့ပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။

ရဲကိုမောင်(ပြန်/ဆက်)



အိမ်တွင်းသုံးရေ ချွေတာရေး



ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန် ပြုပြင်ပါ။

သုံးရေ ချွေတာသုံးစွဲရေး



သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။



တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိဝင်ဘာ ၂၅ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်၊ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် နိဝင်ဘာ ၂၅



မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၈ခုနှစ် (၃၉)ကြိမ်မြောက် သက်ကြီး စာပေပညာရှင်များ ပူဇော် ကန်တော့ပွဲအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ စာရေးဆရာ ဝေလွင်မောင်-သိရိသုဓမ္မသိင်္ဂီ ဒေါ်ဆွေဆွေဦး မိသားစုနှင့် ဦးကိုကိုလတ်၊ Managing Director, KK Business Group တို့က ငွေကျပ် ၁၅ သိန်းစီ၊ စာရေးဆရာ မြတ်မင်း (ဒဿန) က ငွေကျပ် ၁၀ သိန်း၊ ဦးဇော်မင်း (မင်္ဂလာကုမ္ဗဏီ) မိသားစုနှင့် တောင်ဥက္ကလာပ မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ဝိုး၊ ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း(ငြိမ်း) စာရေးဆရာ ကျော်စောဟန်နှင့် ကပ္ပတိန် မျိုးကျော်ဦးတို့က ငွေကျပ် သုံးသိန်းစီ၊ ကိုအောင်ထွန်းနိုင်နှင့် ညီများ (တောင်ဒဂုံစက်မှုဇုန်-၃)နှင့် အရှင် ဝါသေဋ္ဌ (စာရေးဆရာ နေနတ်နွယ်) တို့က ငွေကျပ် နှစ်သိန်းစီ၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း) စာရေးဆရာ ညိုထွေး၊ ဒေါက်တာအောင်ကျော်ဦး - ဒေါက်တာသီတာဦး မိသားစု၊ စာချစ်သူလေးခင် (တော်ဝင်ပန်း)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ မိုးမြင့်ဝင်း(မဟာဝိဇ္ဇာ-ဂိတ)၊ လှည်းကူး မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်း၊ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ စာရေးဆရာမ သက်ဦးခင်မိသားစု နှင့် ရေကြည်မြို့နယ်စာရေးဆရာ အသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ကျွန်းစဉ်မြေ စောခက်၊ ဒေါ်နုနုယဉ် (နန်းညွှန့်ယဉ်ခမ်း)၊ စာရေးဆရာ ပန်းမျိုးခင်၊ စာရေးဆရာမတင်လေးနွယ် (မေမြန်မာ)နှင့် ဒေါ်ခင်အေးသန်း(ခင်ဆွေလတ်)တို့က ငွေကျပ် ငါးသောင်းစီ အသီးသီးပေးအပ် လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၊ ၀၉-၄၅၀၀၀၉၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဓနုဖြူမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်းစစ်ဆေး

ဓနုဖြူ နိဝင်ဘာ ၂၅

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက သပြေကျေးရွာအတွင်းဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းလှိုင်ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး၊ မီးကိုသတိပြုသုံးစွဲရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိရန်၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီသတင်းပေးပို့ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များအား အသိပညာပေးခဲ့ပြီး မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခဲ့ကြကြောင်းသိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)





မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွား၊ မပေါ်ပေါက်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မြို့နယ်အတွင်းရှိ စက်ရုံများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို နိဝင်ဘာ ၂၅ ရက်က ဆောင်ရွက်စဉ်။ ဘုန်းမြတ်

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အသံနှင့်ခွဲခြမ်းသံကြား

၂၆-၁၁-၂၀၂၆ ကြာသပတေးနေ့

MRTV HD

၀၆:၀၀	နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှုဆိုရှင်သာနိုင်ငံတော်သံယမဟာနာယကအဖွဲ့အရာတော်များအား ဟိုတ်တရုတော်ဂူတိတ်ဆိုင်း
၀၇:၀၀	နံနက်ခင်းသတင်း
၀၈:၃၀	မေမြို့မှအလွှမ်းသည် SME သို့ရည်
၀၉:၁၀	NRC အစီအစဉ်
၁၀:၃၀	နိုင်ငံတော်သမ္မတရုံးဇာတိယအကြိပ် သတင်းစာရွင်းလင်းပွဲ(အပိုင်း-၂)
၁၁:၃၅	NEXT LEVEL
၁၂:၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ "စံဘိဝံတံဝါ" (အပိုင်း-၀၉)
၁၃:၃၀	MRTV National News
၁၄:၃၀	ဒေးရှင်ဆန်းသစ်သိပ္ပံဇာတ်
၁၅:၃၅	Soccer View
၁၅:၃၀	လှုမ်းမွှားသတင်းများ
၁၅:၃၅	သံလွင်မြစ်မြန်မာတေးအလှ
၁၆:၁၀	မြန်မာဇာတ်လမ်းတွဲ "ငဝါင်" (အပိုင်း-၂၂)
၂၀:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေသာခြောက်နေ
၂၁:၀၀	သံလွင်ဝေဖြာစတီးပိုလိုတေးကဏ္ဍာ
၂၁:၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ဒွေထုင်ဆန္ဒတတ်" (အပိုင်း-၃)
၂၂:၁၅	ရုပ်မြင်သံကြားဇာတ်လမ်း

mitv

07:01	Evergreen Classic: MHsu Myat Khay Mar
07:09	Sayit-Wyne Girls
07:32	Nga Laik Sakhanthar Elephant Camp
07:50	Healthy Diet: Balanced Diet
08:01	News
08:26	The Future of Coffee - B
08:38	National Museum (Yangon)
09:01	The Art of Taxidermy: U Myo Naing
09:01	Admirable Needle Felt Art
09:13	Thahtay Kyun Island
09:26	The Ornithologist: Dr. Thein Aung

Me

၀၆:၀၀	အလွှင်းဖွယ်ရာတေးသီချင်းများ
၀၆:၃၀	မြန်မာသံစဉ်တေးများ
၀၇:၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ "နှတ်ချို့ချို့ဇာတ်ပဲ" (အပိုင်း-၁၀)
၀၇:၅၀	ရုပ်ရှင်သာဘင် "ပညာလွန်းဇာတ်တော်"
၀၉:၂၅	Japanese Single Chart (35)
၁၀:၀၀	မြန်မာရုပ်ရှင် (ဖြူယည်း) "ဘဝတစ်ခု သားတစ်ခု"

MRTV NRC

ခရင်း (ရိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)	ဂျာဇိုတ်ဖြိုသိအလည်တစ်ပေါက်
ခရင်း (ခိုင်း) (၀၇:၀၀ မှ ၀၈:၀၀)	ခွင်းတောကာနွားနောက်ချေးအကြောင်း
မွန် (၀၈:၀၀ မှ ၁၀:၀၀)	လုံပြိုးနေထွေးအိပ်ငယ်မွန်ဂိုဂျာဘိမ်ကလေး
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)	ခမ်းနားထည်ပါအင်းသားတိုင်ရင်ရွှေလက်ရာ
ဂွမ်း (၁၂:၀၀ မှ ၁၄:၀၀)	ကျန်းမာရေးနဲ့ညီညွတ်အောင် ကိုယ်အလေးချိန်ကျော့ရှည်း
၀ (၁၄:၀၀ မှ ၁၆:၀၀)	ကျိုင်းတုံကြိုရဲအထင်ကရနေရာများသို့(အပိုင်း-၂)
ကချင် (၁၆:၀၀ မှ ၁၈:၀၀)	လှုလုက်ဒွန်းမိုပုတ်အို
ကယား (၁၈:၀၀ မှ ၂၀:၀၀)	ငွေးမယ်နော်တို့စံထွဲရာဝွေတောင်ပြည်
ဝလေးကရင် (၂၀:၀၀ မှ ၂၂:၀၀)	အမဲသားထုတ်ထိုး
ဘဂနာကရင်းနီး (၂၂:၀၀ မှ ၂၂:၀၀)	ကရင်ဝိုးကုတက်သားနှင့်မျိုစက်ထုပ်ပေါင်း
ဘဂရွှေ့နီးကရင် (၂၂:၀၀ မှ ၂၃:၀၀)	ပန်းဒီဆရာဝတ္ထုပန်းလင်းနှင့်ငွတ်ဆုံမမြန်ခြင်း

MRTV NEWS

၀၆:၀၀	အလွှင်းတေးသီချင်း
၀၆:၃၅	လူထုလွှဲမှုများ အားကစား
၁၁:၀၀	ပြည်တွင်းသတင်း (LIVE)
၁၂:၃၀	နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀	MRTV National News
၁၆:၀၀	သတင်းမုန်းကဏ္ဍ (LIVE)
၁၈:၁၅	MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်မူဝီးစားပေး
၁၈:၄၅	ကမ္ဘာ့နယ်ကွင်းဝိတမ်းကြွဲရုံလင်
၁၉:၄၅	ဝေ့ရှာလေ့လာအေအိုင်ရည်းပညာ
၂၀:၀၀	ပြည်တွင်းသတင်း (LIVE)
၂၁:၄၅	နိုင်ငံတော်သမ္မတရုံးဇာတိယအကြိပ် သတင်းစာရွင်းလင်းပွဲ(အပိုင်း-၁)

MRTV PARLIAMENT

၀၉:၀၀	အလွှင်းအလံ
၀၉:၃၀	တော်ယအကြိပ်အမျိုးသားလွှတ်တော် တော်ယပုံမှန်အစည်းအဝေး (Replay)
၂၀:၀၀	ပြည်တွင်းသတင်း (၂၆-၁၁-၂၀၂၆)

MRTV FARMERS

၀၆:၀၀	အလွှင်းနိုင်ငံတော်သီချင်း
၀၆:၁၅	တောင်သူလယ်ယာမားရေးရာသတင်း
၀၆:၂၅	မြန်မာ့ပဲတီးဆန်းကျွန်းကွန်း တစ်ဒေတ်ဆန်းရာပတ်
၀၇:၀၀	ဗိုတ်ချိုးပွမ်းမြို့သုတာတက် "စိတ်ချိုးရေးသူတော်ဒန်ဝင်းလမ်း"
၀၈:၀၀	မြန်မာ့ကက်ဝိတ်ပြိုးမှုပသည် နိုင်ငံ့ဝိုးပွားတိုးပွားစေရည်
၁၀:၃၀	မြန်မာဇာတ်လမ်းတွဲ "ဝုံမုတိုးတွေ့ရတုန်းတ" (အပိုင်း-၇)

MRTV SPORTS

၀၆:၀၀	အလွှင်
၀၆:၂၀	လူပယ်ဂို့အတွက်လမ်းပြကြမ်
၀၆:၄၅	Sports Diary
၀၇:၃၀	Weekly Soccer Preview
၀၈:၀၀	33rd SEA Games အမျိုးသားဘောလုံးပွဲရိုင်ပွဲ (Replay) (မြန်မာနှင့်ဝင်ကာပူ)
၁၉:၀၀	အားကစားသတင်း

Scan Here

Education Channel

လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ (တံတားတည်ဆောက်ရေး၊ နေပြည်တော်)မှ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကန်လှ-ကန်ဘား-ကုန်းပေါ်စု-မဒေါ့ပင်-ဂုဏ်မင်းမြောင်း-ထိန်တော-ခြင်ပစ်-ဥသျစ်လှိုင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပေတုန်းမျှောင်အုပ်စု ကုန်းပေါ်စုကျေးရွာ၌ အရှည် ၀ ဒသမ ၈၄၅ ကီလိုမီတာ ကတ္တရာလမ်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ကန်လှ-ကန်ဘား-ကုန်းပေါ်စု-မဒေါ့ပင်-ဂုဏ်မင်းမြောင်း-ထိန်တော-ခြင်ပစ်-ဥသျစ်လှိုင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၀၀၊ ပေ ၂၀ သံကူကွန်ကရစ်တံတား (ပထမပိုင်း) တည်ဆောက်ခြင်းလုပ်ငန်း၊ ဥသျစ်လှိုင်း-ပေပင်-သရက်ချောင်း ဆက်သွယ်သောလမ်း အရှည် နှစ်မိုင်ကို ကျောက်ချောလမ်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





တမူးမြို့၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)နှင့် (၆)မှ တာဝန်ထမ်းဆောင်ပြီးသူများအား ဂုဏ်ပြုကြိုဆို

တမူး နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မီးသတ်လမ်းဆုံ၌ နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅)နှင့် (၆)မှ ပြည်သူ့စစ်မှုထမ်းပြန် ၁၂ ဦးအား ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မင်း၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက အောင်သပြေပန်း၊ ဂုဏ်ပြုပန်းကုံးများ၊ အတီးအမှုတ် အကအခုန်များဖြင့် ယမန်နေ့က ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းများအား တပ်မတော်တွင် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ရောက်ရှိလာသည့်အတွက် ဂုဏ်ပြုစကားပြောကြား ခဲ့ကြောင်း သိရသည်။

ရတနာ(တမူး)

စေတုတ္တရာမြို့နယ်၌ တန်ဆောင်တိုင် ပထမအကြိမ်မီးပုံးပျံလွှတ်တင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

စေတုတ္တရာ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့၌ ပထမအကြိမ်မီးပုံးပျံလွှတ်တင်ပွဲကို ယမန်နေ့ညနေ ၅ နာရီခွဲက မြို့နယ်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မီးပုံးပျံစတင်လွှတ်တင်ပေးခဲ့ပြီး ဌာနဆိုင်ရာများက မီးပုံးပျံအသေးများ တစ်ပြိုင်နက်တည်းလွှတ်တင်ခဲ့သည်။ ယင်းနောက် မီးရှူးမီးတိုင်များ ပစ်ဖောက်ခြင်း၊ ချင်းရိုးရာအကအဖွဲ့၊ တိုင်းရင်းသားပေါင်းစုံအကအဖွဲ့များက ကပြဖျော်ဖြေခဲ့ပြီး တေးဂီတများဖြင့် မြို့ငြိမ်မြို့ဆိုင်ဆိုင် သီဆိုဖျော်ဖြေခဲ့ရာ ပွဲတော်လာဧည့်ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေးခဲ့သည်။



စေတုတ္တရာမြို့နယ်၌ တန်ဆောင်တိုင်ပွဲတော် ပထမအကြိမ် မီးပုံးပျံလွှတ်တင်ပွဲသို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး မီးပုံးပျံအကြီးနှစ်လုံးနှင့် မီးပုံးပျံအသေး အလုံး ၃၀၀ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)

သဃ်နံးကျွန်းမြို့နယ်၌ မြို့နယ်အဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး သဃ်နံးကျွန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း သုဝဏ္ဏသီရိ သုဝဏ္ဏပညာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ခင်ပြုံးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေဘဝင်းက စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာများ ဆွေးနွေးဟောပြောကြသည်။

အခမ်းအနားသို့ သဃ်နံးကျွန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ သဃ်နံးကျွန်းမြို့နယ် မြို့နယ်ပညာရေးမှူး၊ ယာယီမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မိဘ၊ အုပ်ထိန်းသူ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ဇော်မိုး



ကျုံပျော်မြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်း ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

ကျုံပျော် နိုဝင်ဘာ ၂၅

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာ ကျေးရွာတွင်းလမ်းအရှည် ၄၁၃ ပေ၊ အကျယ်နှစ်ပေခြောက်လက်မ၊ အမြင့် ခြောက်လက်မထု နှစ်ဘီးသွား ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစန္ဒာဌေးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

(၂၅-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၂၅.၃ ~ ၅၂၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၀၉၄,၆၃၂.၇၃	၄,၉၆၁,၃၉၃.၇၂	၂၇,၅၀၅,၁၁၀.၂၀	-

ရေသည်အသက် ရေအသက်တစ်မနက်၊ မြေအောက်ရေကို ထိန်းသိမ်းပါ

အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေစဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။





အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ။ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

အယ်လ်နီညိုကာလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် လျှော့ချရေးအတွက် လိုက်နာရမည့် အချက်များ



အယ်နီညို၏ သက်ရောက်မှုများ

အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ချိန် ကြာမြင့်ခြင်း၊ မီးစတင်လောင်ကျွမ်းရန် လွယ်ကူ၍ ကူးစက်ပြန့်ပွားမှု လျင်မြန်ခြင်း။

မီးခိုးမြူငွေ့ ဖြစ်ပေါ်ရခြင်းနှင့် သက်ရောက်မှုများ

မီးခိုးမြူငွေ့ ဖြစ်ပေါ်ရခြင်း



တောမီးလောင်ကျွမ်းခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့် စိုက်ပျိုးရေးအကြွင်းအကျန်များ မီးရှို့ခြင်း။

ကျန်းမာရေးနှင့် စီးပွားရေး ထိခိုက်မှု



အသက်ရှူကြပ်ခြင်း၊ အဆုတ်ရောဂါ ဖြစ်ပွားနိုင်ခြင်း တို့ကြောင့် ကျန်းမာရေးကုန်ကျစရိတ်များ မြင့်မားနိုင်ခြင်း။

စိုက်ပျိုးရေးနှင့် လိုက်နာရမည့် တားမြစ်ချက်များ

စိုက်ပျိုးရေး နည်းလမ်းကောင်းများ



စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာနှင့် ကောက်ရိုးမှိုပြုလုပ်ရာတွင် ပြန်လည်အသုံးပြုခြင်း။

မီးရှို့မှုများ တားမြစ်ခြင်း



သစ်တောများ မီးရှို့ခြင်း၊ လေဟာပြင် အမှိုက်မီးရှို့ခြင်းနှင့် ဆေးလိပ်မီး မဆင်မခြင် စွန့်ပစ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

သတိပေးချက်များ စောင့်ကြည့်ရေးနှင့် ကျန်းမာရေး လမ်းညွှန်ချက်

သတိပေးချက်များ စောင့်ကြည့်ခြင်း



သတင်းစာ၊ ရေဒီယိုနှင့် ဖုန်း SMS တို့မှ ထုတ်ပြန်သော မီးခိုးမြူငွေ့နှင့် ဝန်းကျင်လေထုအခြေအနေ သတိပေးချက်များကို လိုက်နာခြင်း။

ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်း



လေထုညစ်ညမ်းမှု မြင့်မားချိန်တွင် အပြင်ထွက်ပါက Mask တပ်ဆင်ခြင်း၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများကဲ့သို့ ထိခိုက်လွယ်သောသူများကို အထူးဂရုစိုက်ခြင်း။

“ကြည်လင်သောကောင်းကင်၊ သန့်ရှင်းသောလေ ရရှိဖို့ မီးရှို့ခြင်းကို ရပ်တန့်စို့”

တောမီးလောင်ကျွမ်းမှုနှင့် ရိုးပြတ်၊ သီးနှံအကြွင်းအကျန်များအား မီးရှို့မှုကြောင့် ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့များသည် လူထုကျန်းမာရေး၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေပါသည်။ ပြည်သူများအနေဖြင့် မီးရှို့မှုများကို ရပ်တန့်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများကို အသုံးပြုခြင်း၊ စည်ကမ်းချက်များနှင့် သတိပေးချက်များကို လိုက်နာခြင်းဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ပူးပေါင်းကာကွယ်နိုင်ပါသည်။

မီးခိုးမြူငွေ့၏ ဆိုးကျိုးများနှင့် ကျန်းမာရေးထိခိုက်မှုများ

ကျန်းမာရေး ထိခိုက်စေခြင်း



ကာလတိုတွင် အသက်ရှူကြပ်ခြင်းနှင့် ချောင်းဆိုးခြင်း ဖြစ်စေနိုင်ပြီး ကာလရှည်တွင် အဆုတ်နှင့် နှလုံးရောဂါတို့ကို ဖြစ်စေနိုင်ပါသည်။

လူမှုစီးပွား ထိခိုက်စေခြင်း



ဆေးကုသစရိတ် ပိုမိုကုန်ကျခြင်း၊ အလုပ်နှင့် ကျောင်းပျက်ခြင်း၊ ခရီးသွား လုပ်ငန်းများ ရွေ့ဆိုင်းရခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း



အပင်များ၏ ရှင်သန်ကြီးထွားမှု၊ တိရစ္ဆာန်များ၏ နေရင်းဒေသများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ကို ထိခိုက်စေနိုင်ပါသည်။

မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရန် လိုက်နာရမည့်အချက်များ

စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့မှု ရပ်တန့်ခြင်း



စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာနှင့် ကောက်ရိုးမှို ပြုလုပ်ခြင်း စသည့် အလှေအကျင့်ကောင်းများဖြင့် ပြန်လည် အသုံးပြုပါ။

သစ်တောနှင့် လေဟာပြင် မီးရှို့မှု ရှောင်ကြဉ်ခြင်း



သစ်တောများမီးရှို့ခြင်း၊ မီးမဆင်မခြင် အသုံးပြုမှုနှင့် လေဟာပြင်တွင် အမှိုက်မီးရှို့ ခြင်းကို ရှောင်ကြဉ်ပါ။

သတိပေးချက်များ လိုက်နာခြင်း



သတင်းစာ၊ ရေဒီယိုနှင့် SMS တို့မှ ထုတ်ပြန်သော မီးခိုးမြူငွေ့နှင့် လေထုအရည်သွေး သတိပေးချက်များကို စောင့်ကြည့်လေ့လာပါ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွင် အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင်ငွေကြေးကောက်ခံခြင်းများအား အရေးယူထားရှိမှု အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား ဖြင့်မားရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအရ အကျုံး ဝင်သူ အမျိုးသားများအား ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များ အား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေ၊ နည်းဥပဒေသတ်မှတ်ချက်များအတိုင်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်အမျိုးသား ရေးတာဝန်ကို ရှောင်လွှဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ထွက်ခွာခြင်း၊ အခကြေးငွေ ဖြင့် လူအစားထိုးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုကဲ့သို့ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းသူ များအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ စောင့်ကြည့်ဆင့်ခေါ်ခြင်း ပြုလုပ်နေခြင်းအပေါ် အချို့ ဖြို့ရွာများတွင် မသမာသူများကပါ တာဝန် ရှိသူများအဖြစ် အယောင်ဆောင်ပြီး အဓမ္မဖမ်းဆီး ငွေကြေးရယူကာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်း သွင်း ဝင်ရောက်စေခြင်း၊ အချို့ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့၏ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ့စစ်မှုထမ်းဆောင်ရန် သွားရောက်မည့်သူများကို ထောက်ပံ့ပေးရန် အကြောင်းပြု၍ လစဉ်ငွေကြေးကောက်ခံခြင်း၊ ရှောင်တိမ်းသူများအစား အခကြေးငွေပေး၍ လူစားထိုးထမ်းဆောင်စေခြင်းများပြုလုပ်ရန် တရား မဝင် ငွေကြေးကောက်ခံခြင်းများ ဖြစ်ပေါ်နေ ကြောင်း သိရှိရပါသည်။

လက်ရှိဖြစ်ပေါ်နေသော အဓမ္မဖမ်းဆီးဆင့်ခေါ် ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံခြင်းများသည် မသမာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်း ဥပဒေများအား ချိုးဖောက်ပြီး တရားမဝင်လုပ်ဆောင် နေမှုများသာဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အထူး အလေးထား စိစစ်ဖော်ထုတ် အရေးယူမှုများ ပြုလုပ် လျက်ရှိပါသည်။

တရားမဝင်ငွေကြေးကောက်ခံသူများနှင့် အဓမ္မ ဖမ်းဆီးဆင့်ခေါ်သူများအား ပြည်ထဲရေးဝန်ကြီးဌာန မှ စိစစ်ဖော်ထုတ် အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးဆိုင်ရာ ၄၉ မှု၊ တရားခံ ၁၀၂ ဦးနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၂၂ မှု၊ တရားခံ ၉၇ ဦး၊ စုစုပေါင်း ၇၁ မှု၊ တရားခံ ၁၉၉ ဦးတို့အား အရေးယူထားရှိပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ တိုင်ကြားလာမှုကြောင့် အရေးယူရသည့် ငွေကြေး ဆိုင်ရာ ၁၈၂ မှုတွင် အရေးယူပြီးစီးမှု ၉၁ မှု၊ စိစစ်ဆဲ ၅၆ မှု၊ မမှန်မကန်တိုင်ကြားမှု ၃၅ မှုနှင့် အဓမ္မ ဆင့်ခေါ်မှုဆိုင်ရာ ၄၃ မှုတွင် အရေးယူပြီးစီးမှု ၁၇ မှု၊ စိစစ်ဆဲ ၁၄ မှု၊ မမှန်မကန်တိုင်ကြားမှု ၁၂ မှုရှိခဲ့ပြီး ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူထားပြီး ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များမှ အကောင် အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့် အညီ စနစ်တကျ လုပ်ဆောင်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူ များအား အတင်းအဓမ္မခြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ငွေကြေးဖြင့် လူအစားထိုး ဆင့်ခေါ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများ တွင် တရားမဝင်ငွေကြေးကောက်ခံခြင်းများ လျော့နည်း ပပျောက်စေရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူခြင်း များ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူ လူထုအနေဖြင့်လည်း နေ့စဉ်ထုတ်သတင်းစာများ တွင် ဖော်ပြထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သတင်းပေးတိုင်ကြား နိုင်မည့် ဖုန်းနံပါတ်များအား သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ကာကွယ်ရေးဝန်ကြီးဌာန

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မီးမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မီးမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဏှာအရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ်သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ်သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင် သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်း အချာများ (ကိုယ်စွမ်းသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒ အလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲ များတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစု လုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
